အတွဲ (၁)၊ အမှတ် (၁)

ပြည်သူ့ကာကွယ်ရေးစာစဉ်

တရားဝင်ပြည်သူ့အစိုးရဆီက အခွင့်အာဏာလုယက်ပြီး
တိုင်းရင်းသားပြည်သူတွေအပေါ် စစ်ရာဇဝတ်မှုပေါင်းစုံ
ကျူးလွန်နေတဲ့ စစ်ကောင်စီကို ရရာလက်နက်စွဲကိုင်ပြီး
တိုက်ပွဲဝင်တာဟာ အကြမ်းဖက်မှုမဟုတ်၊
တရားသောစစ်ဖြစ်တယ်။

ဦးရည်မွန် (ကာကွယ်ရေးဝန်ကြီး၊
အမျိုးသားညီညွတ်ရေးအစိုးရ)

ကဗျာ

"ဒီနေ့ဟာ အစ ဖြစ်တယ်"

ပင်လယ်ကို ဖြတ်လာတဲ့ မိုးနံ့ပါတဲ့
လေလိုမြို့ကြီးထဲ
ငါတို့ ဝင်ရောက်ကြပါစို့
နေရောင်ဟာ
အုန်းလက်ကိုင်းဖျား နဲ့ အိမ်အမိုးစွန်း ကို ဖြတ်ပြီး
ခပ်စောင်းစောင်း ကျနေမယ်
သစ်ပင်တွေဟာ ရေစိုလို့
သူတို့ အမွေးအတောင် တွေကို ဖြတ်ပြီး
ကနေတဲ့ ဒေါင်းပျိုတွေလို
အစိမ်းရောင် ပွပွ လုလုကြီး ဖြစ်နေမယ်။
အိမ်ရှေ့လမ်းမ ပေါ်မှာ မော်တော်ကားတွေဟာ
ကြိုတင် တိုင်ပင်ထားသလို
၀း၀၀ နာရီမှာ
ဟွန်းတွေ တပြိုင်နက်တည်း တီးလိုက်ကြပေါ့။
ဒါဟာ အစပဲ
အရာ အားလုံး
အစက ပြန်စမယ့် အစပဲ။

လေပြည်ညင်းဟာ
အရပ်မျက်နှာ အသီးသီးက
တစ်လှည့်ပြီးတစ်လှည့် တိုက်နေမယ်။
ငါတို့ဟာ
လေညင်း နဲ့ အတူပါလာတဲ့ ပန်းရနံ့တွေလို
ဒီနေရာကို
စုဝေးရောက်ရှိလာကြမယ်။
သမိုင်းဝင် ခေတ်ပုံထဲက
မျက်နှာမျိုးတွေနဲ့
အားလုံးဟာ
တည်ကြည်ခန့်ညား ကြလို့ပေါ့။
မြို့အနှံ့က ခေါင်းလောင်းတွေဟာ
အနှစ်နှစ် အလလ ဆွံ့အနေခဲ့တဲ့ သူတို့ အသံ
သူတို့ ပြန်ရပြီမို့
ဝမ်းသာမဆုံး ဖြစ်လို့
(အပြုံးမျက်နှာတွေဟာ
ပြန်ပြီး တည်လို့ မရတော့သလိုမျိုး)

ကန်ရေပြင်ဟာ

သူကိုယ်တိုင် ကုန်းပေါ်တက်လာပြီး

ပွဲတော်မှာ နွှဲချင်နေတယ်။

လက်ခုပ်သံတွေဟာ တိကျတယ်

အပိုအလိုမရှိဘူး

ရုပ်ရှင်မရိုက်ဘူး

ဇာတ်တိုက်မထားဘူး။

တာထွက်တော့မယ့်

အားမာန်တွေဟာ

အချက်ပေးသံကို စောင့်နေကြပြီ။

ကျားတွေဖြတ်ဖို့

တောမှာ လမ်းခင်းထားရိုး မရှိဘူး။

ချောင်းတွေ့ရင် ခုန်ကျော်သွားဖို့ပဲ

ချောင်းကျယ်ရင် ဖောင်ဖွဲ့မယ်။

ဒီနေ့ဟာ အစဖြစ်တယ်

အရာ အားလုံး

အစက ပြန်စမယ့် အစဖြစ်တယ်။

ဒီနေ့ဟာ ကမ္ဘာပေါ်မှာ

အလှဆုံး နေ့တွေထဲက တစ်နေ့ဖြစ်တယ်

ဒီနေ့ဟာ

စစ်ပွဲ စတင်တဲ့ နေ့ မဟုတ်ဘူး

စစ်ပွဲ ပြီးဆုံးတဲ့ နေ့ မဟုတ်ဘူး

ဒီနေ့ဟာ

မေတ္တာ စတင်တဲ့နေ့

မေတ္တာ အောင်နိုင်တဲ့ နေ့ ဖြစ်ရဲ့။

ဒီနေ့ဟာ

ငြိမ်းချမ်းမှု စတင်တဲ့နေ့

ငြိမ်းချမ်းမှု အောင်နိုင်တဲ့နေ့ ဖြစ်ရဲ့

ဒီနေ့မှာ

စစ်နိုင်သူ မရှိဘူး

စစ်ရှုံးသူ မရှိဘူး

ဒီနေ့အကြောင်း

ကဗျာတစ်ပုဒ် ရေးရပေလိမ့်မယ်။

ဒီနေ့အကြောင်း

ကဗျာတစ်ပုဒ် မရေးဘူးဆိုရင်

ငါဟာ

ဘာမှ မရေးခဲ့တဲ့ လူတစ်ယောက်နဲ့

ဘာထူးဦးတော့မှာလဲ။ ။

မောင်တင်သစ် (ဧပြီ၊ ၂၀၀၇၊ စံပယ်ဖြူ)

ကဗျာ

ငါတို့အားလုံးဟာ အဖိနှိပ်ခံတွေဖြစ်တယ်

ငါတို့အားလုံးဟာ
အဖိနှိပ်ခံတွေဖြစ်တယ်၊
ငါတို့အားလုံးဟာ
အဖိနှိပ်ခံတွေဖြစ်တယ်။

ကျောင်းသား
လယ်သမား
အလုပ်သမား
အသိပညာရှင်
အတတ်ပညာရှင်.....
ဘယ်လိုပဲကွဲပြားပေမယ့်
ငါတို့အားလုံးဟာ
အဖိနှိပ်ခံတွေဖြစ်တယ်။

ကချင်၊ ကရင်နီ၊ ကရင်၊ ချင်း
မွန်၊ ရခိုင်၊ ရှမ်း၊ တအောင်း
အင်းသား၊ ဗမာ
ဘယ်လိုပဲကွဲပြားပေမယ့်
ငါတို့အားလုံးဟာ
အဖိနှပ်ခံတွေဖြစ်တယ်။

အဖိနှိပ်ခံပြည်သူတို့ရဲ့
စစ်အာဏာရှင်ဆန့်ကျင်ရေးတိုက်ပွဲ
လှိုင်းလုံးလိုတရိပ်ရိပ်တက်လို့
အရှိန်မြင့်မယ်။

ဖိနှိပ်မှုကိုတွန်းလှန်မယ်၊
ညီညွတ်ရေးကိုတည်ဆောက်မယ်၊
ကွဲပြားမှုကိုအားယူမယ်။

စစ်အာဏာရှင်စနစ်
မုချကျဆုံးရမယ်။

ခင်မမမျိုး (၂၄/၂/၂၀၂၁)

ကဗျာ

“စစ်ကျွန်သို့”

နေရတော့ စစ်တန်းလျားလှောင်အိမ်
စားရတော့ အရိုးအရင်း
ဒီကြားထဲ ဝေစုကခေါင်းပုံဖြတ်ခံရသေး။

စီးရတော့ သေမင်းတမန်ကားစုတ်
သွားရတော့ အလောင်းချင်းထပ်ရတဲ့ စစ်မြေ
ဒီကြားထဲ မိန်းမက မဲဖောက်ခံရသေး။

ဝတ်ရတော့နွမ်းနေတဲ့အဝတ်စုတ်
လွယ်ရတော့ခြင်းကျား
ဒီကြားထဲ လစာကဖြတ်ခံရသေး။

ထွက်ချင်တော့ အသေထွက်ရ
ပြေးချင်တော့ စစ်ထောင်ကျ
ဒီကြားထဲ နားချိန်တောင် ဖက်ထိတ်ကလုပ်ရသေး။

စစ်ကျွန်ဘဝကို
မင်းကခင်တွယ်ရင်း
အမိန့်တွေနာခံ၊
အသက်တွေသတ်ပြနေရင်း
မင်းကိုယ်တိုင်သေသွားရင်
ကျွန်ဝယ်ရာအဆစ်ပါနေတဲ့
မင်းမိသားစုကို
ဘယ်စစ်သခင်က
စောင့်ရှောက်မှာတဲ့လဲ။

အချိန်မှီသေးတယ်-ရဲဘော်
စစ်ကျွန်ဘဝကရုန်းထွက်
ပြည်သူ့ဆီချိန်ထားတဲ့ သေနတ်ပြောင်းကို
စစ်သခင်တွေဘက်ပြန်လှည့်လို့
ပြည်သူ့ရင်ခွင်ကို ခိုလှုံတော့ မိတ်ဆွေ။

ထက်မျိုးနွယ် (၅၊ ၆၊ ၂၀၂၁)

ဆောင်းပါး

စစ်ပွဲနှင့် တိုက်ပွဲ

နိဒါန်း

တိုင်းပြည်တခုမှာ နိုင်ငံရေးပြဿနာများကို တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းနဲ့ ဖြေရှင်းဖို့ နိုင်ငံရေးအခင်းအကျင်းတွေ အားနည်းမှုကြောင့် ဖြစ်စေ၊ စစ်ရေးနှင့် ဖြေရှင်းခြင်း နည်းလမ်းကပဲ အားကောင်းသော လမ်းစဉ်လို့ ယူဆချက်များကြောင့် ဖြစ်စေ၊ ပါဝါချိန်ခွင်လျှာ မညီမျှသော တွေ့ဆုံဆွေးနွေးခြင်း အခင်းအကျင်းများကြောင့် ဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခများ (armed conflicts) ဖြစ်ပွားတတ်ပါတယ်။

လက်နက်ကိုင်ပဋိပက္ခ (Armed Conflict)

လက်နက်ကိုင်ပဋိပက္ခလို့ အဓိပ္ပာယ်ဖွင့်ဆိုရာမှာ သတ်မှတ်ချက်သွင်ပြင်လက္ခဏာများ ရှိပါတယ်။ လက်နက်ကိုင်ထားသော နှစ်ဖက်တပ်များအကြားမှာ စစ်လက်နက်အင်အားအသုံးပြု တိုက်ခိုက်မှုရှိခြင်း၊ လက်နက်ကိုင်တဘက်တပ်သည် State Armed Force ဖြစ်ခြင်း၊ တနှစ်အတွင်း တိုက်ပွဲဆက်စပ် သေဆုံးသူများ (Battle-related Deaths) အရေအတွက် နှစ်ဆယ့်ငါးယောက်ရှိခြင်း စတဲ့ သွင်ပြင်လက္ခဏာများ ဖြစ်ပါတယ်။ ဒီလိုသွင်ပြင်လက္ခဏာများ ရှိနေရင် ပဋိပက္ခကို State-based Armed Conflict လို့ သတ်မှတ်ပါတယ်။

တိုက်ပွဲဆက်စပ် သေဆုံးမှုများ (Battle-related Deaths)

တိုက်ပွဲဆက်စပ် သေဆုံးမှုများဆိုရာမှာ နှစ်ဘက်တိုက်ခိုက်နေသော စစ်မြေပြင်၊ ပစ်ပြေးနှင့် ချုံခိုတိုက်ပွဲဖြစ်စဉ်များ၊ ဗုံးကျဲတိုက်ခိုက်မှု ဖြစ်စဉ်များ၊ လက်နက်ကြီးများနှင့် မြို့ရွာတိုက်ခိုက်မှုများမှ ဖြစ်စဉ်များ အတွင်း သေဆုံးမှုများအားလုံးကို ထည့်သွင်းတွက်ချက်ရပါတယ်။ လက်နက်ကိုင်တိုက်ပွဲဖြစ်စဉ်များမှာ အဓိက ပစ်မှတ်များက ရှေ့တန်းစစ်မြေပြင်၊ တပ်စခန်းဌာနချုပ်များ၊ တပ်နေရာချထားမှုရှိသော နေရာများ၊ အင်စတီကျူးရှင်းများ ဖြစ်တာကြောင့် နှစ်ဘက်တပ်မှာ ပါဝင်သူများ ဖြစ်လေ့ရှိပေမယ့်၊ တိုက်ပွဲကြား ပိတ်မိသွားသော အရပ်သားများ၊ လက်နက်ကြီးနှင့် ဗုံးကြဲတိုက်ခိုက်မှုများမှာ ပစ်မှတ်ဖြစ်သွားသော အရပ်သားများ၊ မိုင်းအန္တရာယ်ကြုံတွေ့လိုက်ရသော အရပ်သားများ၊ စစ်ရေးပစ်မှတ်နှင့် အရပ်သားပစ်မှတ် မခွဲခြားပဲ တိုက်ခိုက်သော စစ်ရေးနည်းဗျူဟာများကြောင့် ထိခိုက်သွားသော အရပ်သားများ စသဖြင့် အရပ်သားများဟာလဲ တိုက်ပွဲဆက်စပ် သေဆုံးသူများ (Battle-related Deaths) ထဲမှာ ပါဝင်သွားတတ်ပါတယ်။

တိုက်ပွဲဆက်စပ်သေဆုံးသူအရေအတွက် ၂၅ ယောက်ထက်ကျော်မှသာ တိုက်ခိုက်မှုဖြစ်စဉ်ကို လက်နက်ကိုင်ပဋိပက္ခ (armed conflict) အနေနဲ့ စစ်ရေးပညာရှင်များက သတ်မှတ်လေ့ရှိကြပါတယ်။ ဒါဆိုရင် တိုက်ပွဲဆိုတာကိုလဲ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ဖို့ လိုလာပါတယ်။

တိုက်ပွဲ (Battle)

စစ်ရေးနှင့် နိုင်ငံရေး ရည်မှန်းချက်တစုံတရာ ရရှိဖို့အတွက် လက်နက်ကိုင်ထားသော အစုအဖွဲ့နှစ်ဖွဲ့အကြားမှာ စစ်လက်နက်ပစ္စည်းများ အသုံးပြုပြီး တိုက်ခိုက်ခြင်းဖြစ်ပွားတဲ့ ဖြစ်စဉ်ကို တိုက်ပွဲ (Battle) လို့ သတ်မှတ်ပါတယ်။ တိုက်ပွဲဖြစ်ပွားတဲ့ အချိန်ကာလက တိုတောင်းပါတယ်။ အနိုင်အရှုံး ရလဒ်က သိသာထင်ရှားတာရှိသလို၊ ရလဒ်မထွက်တာလဲ ရှိပါတယ်။ တခါတရံမှာ စစ်ကြောင်းချီတက်ရင်း၊ ကင်းတိုကင်းရှည်ထုတ်ရင်း တိုက်ပွဲဖြစ်ပွားတာတွေလဲ ရှိပါတယ်။ ဒါတွေကို ပွဲကနေတယ်၊ ရန်သူနဲ့ထိတွေ့မှုဖြစ်တယ်လို့ စစ်ရေးလောကမှာ ပြောဆိုလေ့ရှိကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် တိုက်ပွဲဟာ စစ်ပွဲနဲ့ မတူပါဘူး။ စစ်ပွဲထဲမှာ တိုက်ပွဲပေါင်းများစွာ ပါဝင်တာဖြစ်တဲ့အတွက် တိုက်ပွဲဟာ စစ်ပွဲရဲ့ အစိတ်အပိုင်း တခုသာ ဖြစ်ပါတယ်။

စစ်ပွဲ

စစ်ပွဲကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ရှုထောင့်စုံကနေ ဖွင့်ဆိုလေ့ရှိကြပါတယ်။ နိုင်ငံတကာ ဥပဒေများနဲ့ နိုင်ငံတကာ ဆက်ဆံရေးရှုထောင့်ကနေ စစ်ပွဲကို အဓိပ္ပာယ်ဖွင့်ဆိုသူများက စစ်ပွဲဆိုတာ အချုပ်အခြာအာဏာရှိသော နိုင်ငံရေးယူနစ်များ (States) များအကြားမှာ ပဋိပက္ခများကို ဖြေရှင်းသော နည်းလမ်းတခုလို့ သတ်မှတ်ကြပါတယ်။ ဒါကြောင့် စစ်ပွဲဆိုတာ နိုင်ငံများ ရဲ့ သေရေးရှင်းရေး (Life and Death of States) လို့ နိုင်ငံတကာရေးရာ လေ့လာမှုများမှာ ဖွင့်ဆိုကြပါတယ်။ (Aron, 1966)

School of political realism ပညာရှင်များကလဲ နိုင်ငံများအနေနဲ့ စစ်ရေးအင်အား တည်ဆောက်ခြင်း၊ လိုအပ်ပါက စစ်အင်အားအသုံးပြုခြင်း (Use of Force) ကို သုံးမည်ဟု အင်အားပြခြင်း ပြုလုပ်မှသာ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပြီး၊ အင်အားချိန်ခွင်လျှာ ညှိနိုင်မယ်လို့ အဆိုပြုထားတာတွေ ရှိပါတယ်။ (Lider, 1977; Nobel, 1977) စစ်ရေးပါရဂူများဖြစ်တဲ့ Von Clausewitz (1911), Sorel (1912), Kallen (1939) တို့ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များကလဲ စစ်ပွဲဆိုတာကို နိုင်ငံအခြေပြု စဉ်းစားထားကြပါတယ်။

Johnson (1935) ကတော့ စစ်ပွဲဆိုတာကို လူအုပ်စု နှစ်ခုအကြား ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခလို့

အဓိပ္ပာယ်ဖွင့်ဆိုပြီး၊ ဒီလူအုပ်စုနှစ်ခုဆိုရာတွင် လူမျိုးစုတွေ၊ ပထဝီအခြေပြုအုပ်စုတွေ၊ ဘာသာရေး၊ နိုင်ငံရေး အစုအဖွဲ့တွေ၊ စီးပွားရေးအရ ကွဲပြားသော လူတန်းစားတွေ အားလုံး ဖြစ်နိုင်တယ်လို့ ရေးသားခဲ့ပါတယ်။ သူ့ရေးသားချက်ကို စစ်ရေးပညာရှင်များက လူမှုဗေဒရှုထောင့်မှ စစ်ပွဲအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်အဖြစ် သတ်မှတ်ထားကြပါတယ်။ Russell's (1916), Wallace (1968), Deutsch and Senghaas (1971) တို့ရဲ့ ရေးသားချက်များကလဲ organized violence ဆိုတာကို မီးမောင်းထိုးရေးပြထားခဲ့ပါတယ်။

နပိုလီယံခေတ်မတိုင်ခင်ကာလတွေနဲ့ စက်မှုတော်လှန်ရေး မတိုင်မီကာလတွေတုန်းက စစ်ပွဲဆိုတာက castle enterprise သဏ္ဌာန်ရှိခဲ့ပါတယ်။ ကမ္ဘာစစ်ကာလတွေမှာတော့ စစ်ပွဲဆိုတာကို နိုင်ငံများအကြားက ပဋိပက္ခသဏ္ဌာန် ပုံဖော်ခဲ့ကြပါတယ်။ ဒုတိယကမ္ဘာစစ်အလွန်ကာလမှာတော့ စစ်ပွဲတွေကို စစ်အေးတိုက်ပွဲစတဲ့ နိုင်ငံများအကြားက ပဋိပက္ခသဏ္ဌာန်အပြင်၊ ပြည်တွင်းမှာ နိုင်ငံရေး၊ လူတန်းစားအရေး၊ လူမျိုးရေး အရ ကွဲပြားမှုပေါ် အခြေခံတဲ့ လက်နက်ကိုင်ပဋိပက္ခသဏ္ဌာန် အဖြစ်ပါ ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုလာကြပါတယ်။ ပြည်တွင်းစစ် (Civil Wars) ဆိုတဲ့ စကားရပ် တွင်ကျယ်စွာ အသုံးပြုလာကြပါတယ်။

Singer and Small (1972) နဲ့Deutsch and Senghaas (1973) တို့က နိုင်ငံများအကြားမှာ ဖြစ်စေ၊ နိုင်ငံအတွင်းမှာ ဖြစ်စေ စစ်ပွဲဆိုသော စကားလုံးကို အသုံးပြုဖို့ criteria သုံးခု ချမှတ်ခဲ့ပါတယ်။

(၁) အရွယ်အစား - နှစ်ဘက်လက်နက်ကိုင် တပ်များအကြား ဖြစ်ပွားတဲ့ တိုက်ပွဲများဆက်စပ် သေဆုံးမှုဖြစ်စဉ်တွေက လူဦးရေး တထောင် အနည်းဆုံးရှိခြင်း

(၂) ကြိုတင်ပြင်သော သွင်ပြင်လက္ခဏာရှိခြင်း- ရှောင်တခင် ဖြစ်ပွားသော စစ်ရေးထိတွေ့မှုများ မဟုတ်ပဲ ကြိုတင်ပြင်ဆင်ခြင်း၊ စစ်ရေးဦးဆောင်အဖွဲ့အစည်း ရှိခြင်း၊ စစ်သားစုဆောင်းခြင်း၊ လေ့ကျင့်သင်ကြားခြင်း၊ တပ်နေရာချထားခြင်း၊ ခဲယမ်းမီးကျောက်များ သိုလှောင်ထားရှိခြင်း၊ စစ်လက်နက်ပစ္စည်းများ သယ်ယူခြင်း၊ စစ်ဆင်ရေးစီမံချက်များ ထားရှိခြင်း

(၃) နှစ်ဘက်လက်နက်ကိုင်ထားသော တပ်များ၏ legitimacy ရှိခြင်း- လက်နက်ကိုင် တပ်များအကြား legitimacy ရှိခြင်းဖြင့် စစ်ရေးမဋ္ဌိပက္ခကို အဆုံးသတ်ရန် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်နိုင်ခြင်း။

လက်နက်ကိုင်တပ်ဖွဲ့ ဘက်တဘက်က အခြားတဘက်ရဲ့ Legitimacy ကို အသိအမှတ်မပြုပဲ တိုက်ပွဲဖြစ်စဉ်များကို criminal activity လို့ သတ်မှတ်ခဲ့ရင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်လို့ မရတော့တဲ့အတွက် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်များ ချုပ်ဆိုလက်မှတ်ရေးထိုးဖို့ ခက်ခဲပါတယ်။ ဒါကြောင့်

စစ်ပွဲဆိုတဲ့ စကားလုံးကို အချို့သော လက်နက်ကိုင်တပ်များက အသုံးမပြုလိုကြပါဘူး။ စစ်ပွဲလို့ သုံးနှုန်း သတ်မှတ်လိုက်တာနဲ့ တဘက်လက်နက်ကိုင်အဖွဲ့အစည်းကို Legitimacy ပေးလိုက်တာဖြစ်တဲ့အတွက် လက်နက်ကိုင်ပဋိပက္ခလှုပ်ရှားမှုကို criminal activity အနေနဲ့ သတ်မှတ်မှုများက အကျိုး မဝင်တော့ပါဘူး။ မလွဲမသွေ ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှာ ပါဝင်ဆွေးနွေးခွင့် ပေးအပ်ရမှာ ဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးအခြေအနေများနဲ့ ဥပဒေရေးရာ ဆက်စပ်မှုများကြောင့် စစ်ပွဲဆိုသော စကားရပ် သုံးစွဲမှုအပေါ်မှာ အငြင်းပွားဖွယ်တွေ ရှိလာခဲ့ကြပါတယ်။ စစ်ပွဲဆိုတာကို တိုက်ပွဲအဖြစ် အသုံးပြုဖို့ ဆိုကြသူတွေလဲ ရှိပါတယ်။

စစ်ပွဲနှင့် တိုက်ပွဲအကြား ကွာခြားမှုများ

စစ်ပွဲဆိုတာနဲ့ တိုက်ပွဲဆိုတာမှာ မတူညီတာတွေ ရှိပါတယ်။ အဓိကကတော့ quantification ဖစ်ပါတယ်။ တိုက်ပွဲဆိုတာက တကြိမ်တခါထိတွေ့မှုလက္ခဏာလဲ ရှိတတ်သလို၊ ကြိမ်ဖန်များစွာ series လိုက် ထိတွေ့မှုဖြစ်စဉ် ရှိနေတတ်တာလဲ ရှိပါတယ်။ ဥပမာ- ကွန်လုံ ရက်လေးဆယ်တိုက်ပွဲ ဆိုတာက နေရာတခုအခြေပြုပြီး မြို့သိမ်းတိုက်ပွဲဖြစ်စဉ်မှာ ဆက်စပ် တိုက်ပွဲကြီး၊ တိုက်ပွဲငယ်များစွာ ပါဝင်ပတ်သက်နေတာကြောင့် တိုက်ပွဲလို့ သုံးနှုန်းတာပါ။ ဘယ်လိုအခြေအနေမျိုးမှာ တိုက်ပွဲလို့သုံးပြီး၊ ဘယ်လိုအချိန်မှာ စစ်ပွဲလို့ သုံးနှုန်းကြသလဲ ဆိုတာအပေါ် သက်ရောက်မှုရှိတဲ့ ကွဲပြားခြားနားမှု အချက်တွေ များစွာ ရှိပါတယ်။

(၁) အချိန်ကာလ

စစ်ပွဲနဲ့ တိုက်ပွဲမှာ ဖြစ်ပွားမှာ အချိန်ကာလမတူပါဘူး။ ၁၉ ရာစု မတိုင်ခင်ကာလက တိုက်ပွဲများမှာ ဖြစ်ပွားမှုကြာချိန်ကာလ တရပ်ခန့်သာ ပျမ်းမျှ ဖြစ်ပွားလေ့ရှိပါတယ်။ စစ်သမိုင်း ပညာရှင်များက အခြေခံအကြောင်းရင်းများကို လေ့လာကြည့်တဲ့အခါ ညဘက်ဆိုရင် စစ်ရေးအော်ပရေးရှင်းများ လုပ်ဆောင်ရန် ခက်ခဲမှုကို တွေ့ရှိခဲ့ကြပါတယ်။ နောက်တချက်ကတော့ ရှေးခေတ်ကာလ ရိက္ခာခဲယမ်း ထောက်ပံ့မှု အခြေအနေက ယနေ့ခေတ်လို မြန်ဆန်မှု မရှိတာကြောင့်လဲ ဖြစ်ပါတယ်။ ဒါကြောင့် တိုက်ပွဲများရဲ့ ဖြစ်ပွားချိန်က အချိန်တိုတောင်းပါတယ်။ ယနေ့ခေတ်ကာလများမှာတော့ တိုက်ပွဲဖြစ်ချိန်များက ပိုများလာတာတွေ ရှိပါတယ်။ စစ်ပွဲများကတော့ တိုက်ပွဲများထက် အချိန်ပိုကြာပါတယ်။ စစ်ပွဲမတိုက်ခင်ကတည်းက လိုအပ်တဲ့ ပြင်ဆင်မှုများ ပြုလုပ်ပြီး၊ ထောက်ပို့စနစ်ကို ခိုင်မာစွာ တည်ဆောက်လေ့ရှိတာကြောင့်ပါ။ တခါတရံမှာ ဆယ်စုနှစ်များစွာကို စစ်ဖြစ်နေလေ့ရှိပါတယ်။ စစ်ရေးစီမံချက်များကိုလဲ စနစ်တကျ ရေးဆွဲပြင်ဆင် လုပ်ဆောင်လေ့ရှိကြပါတယ်။

(၂) သက်ရောက်မှုများ

စစ်ပွဲနှင့် တိုက်ပွဲများက သက်ရောက်မှုမတူပါဘူး။ ရလဒ်လဲ မတူညီပါဘူး။ တိုက်ပွဲတခုရဲ့ အနိုင်အရှုံးနဲ့ စစ်ပွဲတခုရဲ့

အနိုင်အရှုံးကို မဆုံးဖြတ်နိုင်ပါဘူး။ တိုက်ပွဲပေါင်းများစွာ တိုက်လာပြီး၊ အဆုံးသတ်တိုက်ပွဲတခုက တဘက်နဲ့တဘက်အင်အားချိန်နဲ့မှုကို သက်ရောက်ပြီး၊ စစ်ပွဲကို အဆုံးသတ်တာမျိုးတော့ ရှိချင်ရှိလာတတ်ပါတယ်။ တိုက်ပွဲရှုံးခြင်းကို ရှုံးတဲ့ဘက်က အင်အားသာလွန်ခြင်း၊ နယ်မြေကျွမ်းကျင်ခြင်း၊ လူထုထောက်ခံမှုအခြေအနေ၊ လက်နက်အင်အား စတာတွေနဲ့ တွေးဆတတ်ကြပါတယ်။ ဒါပေမယ့် စစ်ပွဲရှုံးခြင်းမှာကတော့ strategic implications တွေရှိပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေမှာ အရှုံး ဆိုတာကို ဘယ်ဘက်ကမှ လက်မခံယူချင်ကြပါဘူး။ လေ့ခွက်ကျည်းကျန်၊ အလံမလှဲ စိတ်တွေ ရှိကြပါတယ်။ ဒါကြောင့် စစ်ပွဲတွေကို အဆုံးသတ်နည်းက အနိုင်အရှုံးမဟုတ်ပါဘူး။ Peace Agreements များနဲ့ win win solution ကို အဖြေရှာကြရတာပါ။

(၃) မဟာဗျူဟာ သုံးစွဲမှု ပုံစံ

စစ်ပွဲနဲ့ တိုက်ပွဲတွေမှာ နှစ်ဖက်စစ်ခေါင်းဆောင်များ သုံးစွဲတဲ့ မဟာဗျူဟာတွေ မတူညီပါဘူး။ တိုက်ပွဲတွေမှာ မြေနေရာအနေအထား၊ နှစ်ဘက်စစ်အင်အား၊ လက်နက်သုံးစွဲမှုအခြေအနေတွေက အဆုံးအဖြတ်ပေးပါတယ်။ စစ်ဆင်ရေးရည်မှန်းချက်အရ ဖြစ်တဲ့ တိုက်ပွဲတွေ ရှိနိုင်သလို၊ နှစ်ဘက် ကင်းလှည့်ရင်းလဲ ထိတွေ့မှုဖြစ်သွားတဲ့ တိုက်ပွဲတွေ ရှိနိုင်ပါတယ်။ ယာယီပစ်ခတ်မှုဖြစ်တယ်။ ပြီးရင် ရေရှည်တိုက်မနေကြပါဘူး။ စစ်ပွဲမှာကျတော့ တဘက်နဲ့တဘက် ခံစစ်ပြင်တာ၊ စစ်ကြောင်းထိုးတာ၊ စခန်းငယ်များကို သိမ်းတာ၊ ခြေကုပ်ယူတာ၊ နယ်မြေ စိုးမိုးရေးလုပ်တာ၊ စစ်စခန်းဌာနချုပ်များကို တိုက်ခိုက်သိမ်းပိုက်တာ စတဲ့ စစ်ရေးလှုပ်ရှားမှုများ ပါဝင်လာပါတယ်။ တိုက်ပွဲကြီးငယ်၊ များစွာလဲ ပေါင်းစပ်ပါဝင်ပါတယ်။ တဘက်နဲ့တဘက် အနိုင်ရရှိရေး၊ စခန်းများ သိမ်းပိုက် ခြေကုပ်ယူရေး စတဲ့ စစ်ရေးရည်မှန်းချက်ကြီးများလဲ ပါဝင်လာပါတယ်။

ဗျူဟာအရ ယောင်ပြတိုက်ပွဲတွေ၊ Searching Fire တွလဲ လုပ်ရပါတယ်။ ပိတ်ဆို့ချေမှုန်းရေးအတွက် ထောင်ချောက်ထဲ ကျုံးသွင်းခေါ်ရတဲ့ တိုက်ပွဲတွေလဲ ရှိနိုင်ပါတယ်။ သာလွန်အင်အား အခြေအနေကို မရိပ်မိစေဖို့ False sense of security ဖြစ်အောင် အရှုံးပေးရတဲ့ တိုက်ပွဲတွေလဲ ရှိပါတယ်။ စခန်းကုန်းသိမ်းအောင် ယောင်ပြစစ်မြူ တိုက်ပွဲတွေ တိုက်ပြီး၊ စခန်းကုန်းပေါ်ရောက်မှ ပတ်လည်ခံစစ်နဲ့ အချိန်ကုန်အောင် ဖန်တီးပေးပြီး၊ စစ်ပွဲရဲ့ အရေးပါသော ဗဟိုချက်မကို မထိအောင် ရင်ဆိုင်ထိန်းချုပ်ထားရတာတွေလဲ ရှိနိုင်ပါတယ်။ တဘက်တပ်တွေရဲ့ Chain of Command ပျက်အောင်၊ ခေါင်းဆောင်များနဲ့ အရေးပါသော စစ်ဒေသများအကြား သတင်းအချက်အလက် Gap ဖြစ်အောင် decapitation tactic ကို အသုံးပြုတဲ့ တိုက်ပွဲ များလဲ ရှိပါတယ်။

စစ်ပွဲမှာ စစ်ရေးရည်မှန်းချက်များ ပါဝင်ပါတယ်။ မဟာဗျူဟာတွေ၊ နည်းဗျူဟာတွေကို လိုအပ်သလို

အသုံးပြုရပါတယ်။ တိုက်ပွဲများစွာ ပါဝင်ပါတယ်။ တိုက်ပွဲဆိုရင်တော့ စစ်ပွဲရဲ့ ရည်မှန်းချက်ကြီးများအတွက် အစိတ်အပိုင်း ဖြစ်တတ်တာရှိသလို၊ စစ်ရေး ရည်မှန်းချက်မပါပဲ ဖြစ်သွားတတ်တာတွေလဲ ရှိပါတယ်။

(၄) စစ်အင်အား

စစ်ပွဲနဲ့ တိုက်ပွဲအကြား ကွဲပြားမှုကတော့ စစ်အင်အားဖြစ်ပါတယ်။ တိုက်ပွဲဆိုတာက ပြောက်ကျားစစ်မှာ တကိုယ်တော်လဲ ဆင်နွှဲလို့ ရပါတယ်။ လူအုပ်စုငယ်များကို ရွှေ့လျားထိန်းချုပ်စနစ်နဲ့လဲ တိုက်ခိုက်လို့ရပါတယ်။ တည်၊ လှုပ်၊ ရွှေ့ကို ခေါင်းဆောင်ငယ်တဦးက ဆုံးဖြတ်လုပ်ဆောင်လို့ရပါတယ်။ စစ်ပွဲမှာကတော့ စစ်အင်အားများပါတယ်။ တိုက်ပွဲဖြစ်စဉ်လဲ များပါတယ်။ တပြိုင်နက်တည်းမှာ နေရာ ဆယ်ခုလောက်မှာလဲ တိုက်ပွဲတွေ ဖြစ်နေနိုင်ပါတယ်။ စစ်ရေးကွပ်ကဲမှု အဆင့်ဆင့်ရှိပါတယ်။ ဗျူဟာရုံးတွေကို အခြေအနေ အချိန်နဲ့တပြေးညီ အစီရင်ခံရပါတယ်။ သတင်းအချက်အလက်များကို စုပေါင်းပြီး၊ ရုပ်ပုံကားချပ်ဆက်သလို သတင်းအချက်အလက်တွေ ပေါင်းစီးရပါတယ်။ မြေပြင်ကို ကွပ်ကဲရေးရုံးခန်းကနေ ပြန်လည်ညွှန်ကြားရတာတွေ ပါပါတယ်။

နိဂုံး

စစ်ပွဲနဲ့ တိုက်ပွဲက စကားလုံးအရသာမက သက်ရောက်မှု များစွာ ကွဲပြားမှု ရှိပါတယ်။ ငြိမ်းချမ်းရေး၊ ဥပဒေရေးရာ၊ လုံခြုံရေး အားလုံးနဲ့ ဆက်နွယ်ပတ်သက်မှုရှိပါတယ်။ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အတိုင်းအဆ တွေ ကွဲပြားပါတယ်။ တိုက်ပွဲဟာ စစ်ပွဲရဲ့ အစိတ်အပိုင်းလဲ ဖြစ်နေတတ်ပါတယ်။ သီးခြားဖြစ်နေတတ်တာတွေလဲ ရှိပါတယ်။ စစ်ပွဲရပ်တယ်ဆိုရင် စစ်ရေးရည်မှန်းချက်တွေနဲ့ ဆက်စပ် တိုက်ပွဲအားလုံး ရပ်ရပါတယ်။ တိုက်ပွဲရပ်ဆိုရင်တော့ တပွဲတည်း ရပ်လဲ ရပါတယ်။ အဓိပ္ပာယ်များစွာ ကောက်ယူလို့ ရနိုင်ပါတယ်။

ခင်မမမျိုး (၄၊၉၊ ၂၀၁၉)

စစ်အာဏာရှင်စနစ်အား ဆန့်ကျင်ရေးသည် ပြည်သူတရပ်လုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ဆောင်းပါး

ထိတွေ့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (Rule of Engagement) နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ(သို့)စစ်ဥပဒေများ

ထိတွေ့မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ (Rule of Engagement) ဟူသည်မှာ စစ်ပွဲများ လက်နက်ပဋိပက္ခများအတွင်း လက်နက်ကိုင်တပ်ဖွဲ့များ လိုက်နာကျင့်သုံးရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်သော အကြောင်းအရာများကို ဆိုလိုပါသည်။

မိမိတွင်ရှိသော အင်အားနှင့်လက်နက်များကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုရန်သင့်လျော်သော အခြေအနေ၊ အချိန်၊ အနေအထားများနှင့် ဆီလျော်သော အင်အားတို့ကို သတ်မှတ်ခြင်း၊သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေခြင်းတို့ဖြစ်သည်။

နိုင်ငံတကာတပ်မတော်များတွင် စစ်ဆင်ရေးအလိုက် rule of engagementများကို သတ်မှတ်ရေးဆွဲကာ မိမိတပ်ဖွဲ့ဝင်များအား အသိပေးလိုက်နာစေလေ့ရှိပြီး မလိုက်နာခြင်း၊ သွေဖီခြင်းများရှိက ပြစ်ဒဏ်များ ချမှတ်လေ့ရှိသည်။

၎င်းထိတွေ့မှုဆိုင်ရာစည်းမျဉ်းစည်းကမ်းများ (Rule of Engagement)မှာ များသောအားဖြင့် နိုင်ငံတကာစစ်ဥပဒေ (Law of War) တနည်းအားဖြင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ(Law of Armed Conflicts) ခေါ်ဆိုလေ့ရှိသော နိုင်ငံတကာစစ်စည်းကမ်းဥပဒေများနှင့် Geneva Convention Protocolsများကို အခြေခံ၍ ရေးဆွဲလေ့ရှိသည်။

လက်ရှိအချိန်တွင် တော်လှန်ရေးတပ်ဖွဲ့များနှင့် တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းစစ်နှင့် ပဋိပက္ခများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအား ချမှတ်ထားသော Geneva Convention Protocol II အား လေ့လာရန် အထူးတိုက်တွန်းလိုပါသည်။

စစ်ဥပဒေ/ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေတွင်ပါဝင်သော အဓိကအနှစ်သာရများမှာ

(၁) စစ်ရေးပစ်မှတ်အဖြစ် သတ်မှတ်ခြင်း

(၂)အချိုးညီသောအင်အားအသုံးပြုမှု

(၃)မလိုအပ်သော အတိဒုက္ခရောက်စေမှုများကို ရှောင်ရှားခြင်း

(၄)တိုက်ပွဲဝင်စစ်သည်နှင့်ပြည်သူခွဲခြားခြင်း

(၅)လူသားချင်းစာနာမှုနှင့်ခွဲခြားဆက်ဆံခြင်းများကို ရှောင်ကြဉ်ခြင်း စသည်တို့ဖြစ်သည်။

(၁)စစ်ရေးပစ်မှတ်အဖြစ်သတ်မှတ်ခြင်း (military necessity)

စစ်ပွဲကာလများအတွင်းတွင် ပစ်မှတ်များ သတ်မှတ်ရာ၌သော်လည်းကောင်း၊ တိုက်ခိုက်ရာ၌သော်လည်းကောင်း စစ်ရေးအရ အရေးပါအရာရောက်ရှိမှ တိုက်ခိုက်ရန်ဖြစ်သည်။ ဆိုလိုသည်မှာ ရန်သူ့၏အင်အားနှင့် တပ်ရင်းတပ်ဖွဲ့များနှင့် သက်ဆိုင်သော အင်အားစုများ၊ အရင်းအမြစ်များ၊ ပစ္စည်းကိရိယာများကိုသာ ဖျက်ဆီးတိုက်ခိုက်ရန်ဖြစ်ပြီး စစ်ရေးပစ်မှတ်အဖြစ် သတ်မှတ်နိုင်ခြင်းမရှိသော တိုက်ခိုက်မှုများကို တားမြစ်ရန် ဖြစ်သည်။ သို့မှသာ မလိုအပ်သော တိုက်ခိုက်ဖျက်ဆီးမှုများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ သာသနာရေးအဆောက်အအုံများ၊ ဆေးရုံများနှင့်ကျောင်းများသည် အကာအကွယ်ပေးရမည့်နေရာများဖြစ်ကြသည်။

(၂)အချိုးညီသောအင်အားအသုံးပြုမှု (Proportionality)

တပ်ရင်းတပ်ဖွဲ့များအနေနှင့် မိမိအပေါ်ကျရောက်လာသော အန္တရာယ်နှင့် ကြုံတွေ့လာရသော စစ်ရေးအခြေအနေများ အပေါ်တွင်မူတည်ကာ မျှတသောအင်အားကို အသုံးပြုရန်ဖြစ်သည်။ လက်ရှိအချိန်တွင် စစ်ကောင်စီမှ ရွာစွဲကိုင်တိုက်ခိုက်လျက်ရှိသော လူထုတော်လှန်ရေးများအပေါ်တွင် သံချပ်ကာကားများ၊ လေကြောင်းပစ်ကူများအသုံးပြုခြင်းသည် အချိုးညီသောအင်အားအသုံးပြုမှု (Proportionality)ကို ချိုးဖောက်ခြင်း ပင်ဖြစ်သည်။

(၃)မလိုအပ်သော အတိဒုက္ခရောက်စေမှုများကို ရှောင်ရှားခြင်း (avoid unnecessary suffering)

စစ်ပွဲကာလများအတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ဒေသခံလူထုအပေါ် အတိဒုက္ခရောက်စေခြင်း မရှိစေရန် ရှောင်ရှားရမည်ဖြစ်သည်။ အထူးသဖြင့် လူထုအပေါ် ညှင်းပန်းနှိပ်စက်ခြင်း၊ အသက်အိုးအိမ် စည်းစိမ်အား ခြိမ်းခြောက်ခြင်းနှင့် လုယက်ဖျက်ဆီးခြင်းတို့သည် ဤစည်းမျဉ်းအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းပင်ဖြစ်သည်။

(၄)တိုက်ပွဲဝင်စစ်သည်နှင့်ပြည်သူခွဲခြားခြင်း

တိုက်ပွဲဖြစ်ပွားရာဒေသများ စစ်ဆင်ရေးဇုန်များတွင် ရန်သူ၊ မိတ်ဆွေ၊ တိုက်ပွဲဝင်စစ်သည်၊ သာမန်ပြည်သူ စသဖြင့်ခွဲခြားသတ်မှတ်ခြင်းသည် စစ်ပွဲဥပဒေသများနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရာတွင် အထောက် အကူပြုပါသည်။ ဤသို့ခွဲခြားရာတွင် အောက်ပါအတိုင်း အကြမ်းဖျင်း ခွဲခြားနိုင်ပါသည်။

တိုက်ပွဲဝင်စစ်သည်များ (Combatant)

လက်နက်ကိုင်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များ၊ ပြောက်ကျားစစ်သည်များ၊ တော်လှန်ရေးသမားများ စသည်ဖြင့် လက်နက်ကိုင်ဆောင်တိုက်ခိုက်ကြသော နှစ်ဖက်စစ်သည်များကိုဆိုလိုပါသည်။ ၎င်းတို့သည် စစ်ဥပဒေများကို လိုက်နာရန်တာဝန်ရှိပြီး စစ်ဥပဒေများ၏အကာအကွယ်ကို ရရှိနိုင်ပါသည်။

ပြည်သူများ(Non-combatant)

စစ်ပွဲကာလတွင်း သာမန်ပြည်သူများတွင် သတင်းထောက်များ၊ ဆေးဝန်ထမ်းများ၊ နည်းပညာဆိုင်ရာဝန်ထမ်းများ၊ သာသနာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများတို့ပါဝင်ပါသည်။ စစ်ဥပဒေများတွင် ၎င်းတို့အား အကာအကွယ် ပေးရန်နှင့် တတ်နိုင်သရွေ့ ဘေးအန္တရာယ်များ ကျရောက်ခြင်းကာကွယ်ရေးကို ပြုလုပ်ရမည်ဟု ဖော်ပြ ထားပါသည်။

သူလျှို၊ဒလံများ

သူလျှိုဒလံများဟူသည်မှာ စစ်ဆင်ရေးနယ်မြေများနှင့် စစ်ဖြစ်ပွားရာဒေသများတွင် သတင်းအချက်အလက်စုဆောင်းခြင်းနှင့် နှောင့်ယှက်ဖျက်ဆီးခြင်းများကို ပြုလုပ်သူများကို ဆိုလိုပါသည်။ သူလျှိုပြုလုပ်ခြင်းသည် စစ်ဥပဒေများကို ချိုးဖောက်ခြင်းမရှိသည့်တိုင်၊ သူလျှို၊ ဒလံများမှာ စစ်ဥပဒေများ၏အကာအကွယ်အောက်တွင် မရှိသည်ကို သတိပြုရမည်ဖြစ်သည်။

စစ်သုံ့ပန်းများနှင့်ဖမ်းဆီးထိန်းသိမ်းထားရသူများ

ရန်သူတပ်ဖွဲ့များမှ ဖမ်းဆီးရမိသော စစ်သုံ့ပန်းများကိုဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းရသောသူများကို ဖြစ်စေ စစ်ဥပဒေများမှ ၎င်းတို့အား ညှင်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းကို အထူးတားမြစ်ပါသည်။ သင့်တင့်လျောက်ပတ်သော စောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုတို့ပေးရန်လည်း တိုက်တွန်းထားသည်။

ဤသို့ ဖမ်းဆီးရမိသူများနှင့်စစ်သုံ့ပန်းများအား အမေရိကန်ကမ်းတက်တပ်ဖွဲ့၏(United States Marine Corp)ကိုင်တွယ်ပုံအချို့ကို နမူနာအဖြစ်ဖော်ပြသွားပါမည်။

Search(ရှာဖွေခြင်း)- လက်နက်ကိရိယာများနှင့် အရေးကြီးသတင်းအချက်အလက်များ ပါရှိနိုင်သော စာရွက်စာတမ်းများကို ရှာဖွေခြင်း၊သိမ်းဆည်းခြင်း

(သတိပြုရန်- တကိုယ်ရေပစ္စည်းများနှင့် အဝတ်အစားများကို သိမ်းဆည်းခြင်းမပြုရန်)

Silence(တိတ်ဆိတ်စေခြင်း)- သုံ့ပန်းများအချင်းချင်းအား မလိုအပ်ဘဲ စကားပြောဆိုခြင်း၊ ဆက်သွယ်ခြင်းတို့ကို တားဆီးရန် (ထွက်ပြေးလွတ်မြောက်ရန် ပူးပေါင်းကြံစည်ခြင်းမှ ကာကွယ်ရန်ဖြစ်သည်။)

Safeguard(ကာကွယ်ပေးခြင်း)- ဖမ်းဆီးထားသူများအား မိမိတပ်ဖွဲ့ဝင်များမှ ညှင်းပန်းနှိပ်စက်ခြင်းဖြစ်စေ ၎င်းတို့အခြင်းခြင်းဖြစ်စေ စိတ်ပိုင်း၊ရုပ်ပိုင်းထိခိုက်စေခြင်းများမှ ကာကွယ်ပေးရန်

Segregate (ခွဲထုတ်ခြင်း)- အုပ်ချုပ်မှုကိစ္စများလွယ်ကူစေရန် ကျားမခွဲထုတ်ခြင်း၊ အရာရှိများနှင့် အခြားအဆင့်များခွဲထုတ်ခြင်း

Tag(မှတ်သားခြင်း)- သုံ့ပန်းများထံမှ ရမိသော စာရွက်စာတမ်းများ၊ လက်နက်ကိရိယာများနှင့် ၎င်းတို့ ထွက်ဆိုချက်များကို သေချာစွာ မှတ်တမ်းတင်ထားရှိရန်

နိဂုံး

ဤ rule of engagementများနှင့် စစ်ဥပဒေများအား လိုက်နာစေခြင်းသည် ပြည်သူ့အား အကူအညီပေးခြင်းနှင့် အကာအကွယ်ပေးခြင်းအတွက်သာမကပဲ မိမိတပ်ဖွဲ့များ၏ စစ်ရေးရည်မှန်းချက်များကိုပါ အထောက်အကူပြု စေကြောင်းသိရှိရမည်ဖြစ်သည်။ အထူးသဖြင့် ဒေသခံလူထု၏ထောက်ခံပံ့ပိုးမှုကို အထူးလိုအပ်သော တော်လှန်ရေး စစ်ပွဲများတွင် ဤစည်းမျဉ်းဥပဒေများကို လိုက်နာခြင်းသည် လူထုထောက်ခံမှုကိုရရှိရန် အရေးပါမည်ဖြစ်ပြီး ရန်သူတပ်ဖွဲ့များအား လက်နက်ချအညံ့ခံလာစေရန် ဆွဲဆောင်ရာတွင် အလွန်အသုံးဝင်မည်။

Otto (May, 2021)



ဆောင်းပါး

မြေအောက်ယူဂျီရဲဘော် ဆောင်ရန် ရှောင်ရန်

နိဒါန်း

နိုင်ငံရေး လှုပ်ရှားမှုများ ဆောင်ရွက်တဲ့အခါမှာ တိုက်ပွဲဝင် ပုံသဏ္ဍာန်မျိုးစုံနဲ့ လှုပ်ရှား ဆောင်ရွက်ကြပါတယ်။ အဖွဲ့စည်းတိုင်းမှာ သူ့အုပ်စုနဲ့ သူ သီးခြားညွှန်ကြားချက်တွေ ရှိပါတယ်။ ယေဘုယျအချက်လေးများကို အကြံပြုပြောကြားချင်ပါတယ်။

လုံခြုံရေးသည် ပထမ

ဘယ်လိုဆောင်ရွက်ချက်ကို လုပ်ဆောင်တဲ့အခါပဲဖြစ်ဖြစ် လုပ်ရန်ကိစ္စထက် မိမိလုံခြုံရေး၊ မိမိရဲဘော်လုံခြုံရေးကို ပထမဆုံး ထည့်စဉ်းစားဖို့လိုအပ်ပါတယ်။ ဘေးပတ်ဝန်းကျင်ကို အစဉ်အမြဲ ဂရုစိုက်ပါ။ စာရွက်စာတမ်းများ၊ ပိုစတာများ ကိုယ်နဲ့ မကွာပါနေရင် သွားမယ့်လမ်းကြောင်းကို သေချာရွေးပါ။ လမ်းကြောင်းတခုတည်း အစဉ်အမြဲသုံးခြင်းကို ရှောင်ကြဉ်သင့်ပါတယ်။

စိတ်နေစိတ်ထား

ဘယ်လောက်အရေးကြီးတဲ့ အလုပ်ပဲဖြစ်နေပါစေ၊ ပုံမှန်လုပ်ငန်းဆောင်တာ တခုလိုပဲ စိတ်ထဲမှာ တွေးထားပါ။ မတော်တဆ အာဏာရှင်ဘက်တော်သားများနဲ့ ထိပ်တိုက်တွေ့ရင် စကားပြောတဲ့အခါမှာ မျက်လုံးကို လုံးဝမကစားပါနဲ့။ ပြေပြေလည်လည်နှင့် ချောချောငံငံပြောပါ။ သူတို့အပေါ်တွင် ခံပြင်းနေသည့် မိမိစိတ်ကို မျက်လုံးမှာ မပေါ်ပါစေနဲ့။ အမြဲတမ်း cover story တခုကို ကြိုတင်ပြင်ဆင်ထားပါ။ စိတ်ထဲမှာလဲ ထိုဇာတ်လမ်းကို စွဲစွဲမြဲမြဲ ရှိနေစေရန် လေ့ကျင့်ထားပါ။ တယောက်ထက်ပို၍ ပါဝင်သော လုပ်ငန်းတာဝန်ဖြစ်ပါက ကြိုတင်ဇာတ်တိုက်ထားပါ။

အဝတ်အစား

လှုပ်ရှားမယ့်နေရာရဲ့ အဝတ်အစားဝတ်ဆင်ပုံကို အမြဲသတိပြုပါ။ လူအများကြားမှာ သတိထားမိစေနိုင်တဲ့ အဝတ်အစားများ လုံးဝမဂတ်ပါနဲ့။ ပုဆိုးအဝတ်များတဲ့နေရာမှာ ဘောင်းဘီမဝတ်သွားပါနဲ့။ ဘောင်းဘီဝတ်များသော နေရာမှာ ပုဆိုးဝတ်မသွားပါနဲ့။ ထင်ရှားတဲ့ တံဆိပ်ပါတဲ့ အကျီတွေ၊ မြင်သာမှတ်မိလွယ်သော အရောင်တွေကို မဝတ်ဆင်ပါနဲ့။ လူအများကြားမှာ ပေါ်လွင်နိုင်တဲ့ ဝတ်စားဆင်ယင်မှုကို ရှောင်ကြဉ်ပါ။

လှုပ်ရှားမှု

စိတ်လှုပ်ရှားမှုကို ပေါ်လွင်စေတဲ့ ကိုယ်ဟန်အမူအရာများကို တတ်နိုင်သမျှ ထိန်းချုပ်ပါ။ ဆိုင်တဆိုင်ဆိုင်မှာ တစုံတယောက်နဲ့ ချိန်းဆိုထားပါက အပေါက်ဝကို ခဏခဏ မျှော်မကြည့်ပါနဲ့။ ထိုင်နေကျ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ အအေးဆိုင်များကို ပုံမှန်မထားပါနဲ့။ အိမ်မှထွက်ချိန်ကို တသမတ်မထားပါနဲ့။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် တိုးလိုက်လျှော့လိုက်အမြဲလုပ်ပါ။

နောက်ယောင်ခံလာမှုကို သံသယရှိရင် ရုတ်တရက်ခြေလှမ်းမြန်လိုက်တာ မလုပ်ပါနဲ့။ သွားနှုန်းကို မသိမသာ မြှင့်ပါ။ လူအုပ်နှင့်ရောပါ။ ချိန်းထားတယ်ဆိုပြီး၊ စိတ်မလောပါနဲ့။ အခြေအနေမကောင်းပါက ချိန်းဆိုထားမှုကို ပျက်ကွက်လိုက်ပါ။ ဘတ်စ်ကားစီးရင် အပေါက်ဝနဲ့ နီးတဲ့နေရာမှာ ထိုင်တာ၊ ရပ်တာလုပ်ပါ။ ခေါင်းလှည့်ပြီး ဟိုကြည့်ဒီကြည့်မလုပ်ပါနဲ့။ မျက်စိကိုပဲ မသိမသာ အသုံးပြုပါ။

မော်တော်ယာဉ်၊ ဆိုင်ကယ်များကို သုံးပါက နံပါတ်ပြားပြောင်းသုံးပါ။ သို့ပေမယ့် နံပါတ်ပြားများ သယ်ဆောင်သွားခြင်းကို ရှောင်ကြဉ်ပါ။ အိမ်(သို့) စိတ်ချရသော နေရာမှာ မထွက်ခင်ကတည်းက မှောင်ချိန်တွေမှာ ပြောင်းတပ်တာလုပ်ပါ။

အစည်းအဝေး

တတ်နိုင်သမျှ လူအများနဲ့ လုပ်တဲ့အစည်းအဝေးများ လုပ်တာကို ရှောင်ပါ။ မိမိကလာဘ်စည်းနှင့် မိမိသီးခြားဆက်သွယ်မှုသာ လုပ်ပါ။ မြေပေါ်လုပ်ငန်းဆောင်တာများ ပြုလုပ်နေသော အဖွဲ့များရဲ့ အစည်းအဝေးများ၊ အခမ်းအနားများကို လုံးဝသွားမတက်ပါနဲ့။ မဖြစ်မနေ အစည်းအဝေးလုပ်စရာရှိခဲ့ရင် နေရာကို သုံးယောက်ထက်ပိုပြီး အသိမပေးပါနဲ့။ လူတွေကို သီးသန့်နေရာတွေမှာ ခွဲချိန်းပါ။ နောက်ယောင်ခံတာရှိမရှိ သေချာဆန်းစစ်ပါ။ ပြီးမှ အသုတ်များခွဲပြီး ဆုံမှတ်နေရာကို သွားပါ။ တနေရာတည်းပုံမှန် ဘယ်တော့မှ မသတ်မှတ်ပါနဲ့။ ရက်တွေအများကြီး ကြိုပြီး အချိန်ကို အသိမပေးထားပါနဲ့။

ဆက်သွယ်ရေး

"လိုင်းလုံး၀၊ လုံး၀ မပူးပါနဲ့"။ မြေအောက်ရဲဘော်တယောက်အတွက် ဒီအချက်ဟာ အသက်တမျှ အရေးကြီးလှပါတယ်။ မြေပေါ်အသွင် လှုပ်ရှားသူတွေနဲ့ လိုင်းသွားပူးမိလို့၊ ထောက်လှမ်းရေး နောက်ယောင်ခံလိုက်ခံနေရတဲ့ လိုင်းတွေနဲ့ သွားပူးမိလို့ အချိန်မတန်ခင် ရန်သူ့လက်ထဲ ရောက်သွားရတဲ့ အဖြစ်အပျက်တွေအများကြီးပါ။ အဖေနဲ့သားတောင် တလိုင်းတည်းမဟုတ်ရင် အချင်းချင်းဖွင့်ဟ မေးမြန်းတာတွေ မလုပ်ပါနဲ့။ ကိုယ့်သူငယ်ချင်းတယောက်က တယောက်ယောက်နဲ့ အဆက်အသွယ်ရှိနေမှန်း သိနေရင်တောင် မသိချင်ယောင်ဆောင်နေလိုက်ပါ။ လိုင်းလုံး၀မပူးပါနဲ့။

ပြည်ပမှာ နာမည်ကြီးနေတယ်ဆိုပြီးလဲ လိုင်းသွားမဆက်ပါနဲ့။ မလိုအပ်ပဲ လိုင်းသွားဆက်မိတဲ့အခါ သူတို့ရဲ့ ဆက်သွယ်ရေးလမ်းကြောင်းတွေကို စောင့်ကြည့်ခံနေရတာဆိုရင် ကိုယ့်အမည် ပေါက်ထွက်သွားနိုင်ပါတယ်။ မီဒီယာများနဲ့ ဆက်သွယ်တဲ့အခါမှာလဲ ဒီလိုပါပဲ။ မိမိတာဝန်က သတင်းယူဂျီမဟုတ်ပဲ၊ ကလာဘ်စည်း တည်ဆောက်ရေး၊ ရေရှည်မြှုပ်နှံရေးဆိုရင် မီဒီယာများနဲ့ လုံး၀လိုင်းမပူးပါနဲ့။

ပြည်ပနဲ့၊ မီဒီယာနဲ့၊ မြေပေါ် (အိုဂျီ) တွေနဲ့ သတင်းဆိုင်ရာ၊ ဆက်ဆံရေးဆိုင်ရာ တာဝန်ယူရတယ်ဆိုရင် သီးခြားအီးမေးလ်ကိုသုံးပါ။ ကိုယ့်ပြည်တွင်းကလာဘ်စည်းများနဲ့ ဆက်သွယ်နေတဲ့ အီးမေးလ်ကို လုံး၀မသုံးပါနဲ့။ ဆက်သွယ်ရေးအီးမေးလ်ကို အမည်ရင်းများနဲ့ လုံး၀မဖွင့်ပါနဲ့။ အီးမေးလ်လိပ်စာရှေ့မှာ နာမည်တွေ ထည့်ထားတာမလုပ်ပါနဲ့။ အီးမေးလ်လိပ်စာပဲ address book မှာ ထည့်ထားပါ။ လိပ်စာတွေကို တတ်နိုင်သမျှ BCC

ထဲထည့်ပြီး ပို့ပါ။ မိမိအီးမေးလ် အဖောက်ခံရတယ်လို့ သံသယရှိရင် ဒီအီးမေးလ်လိပ်စာကို တခါတည်း ဖျက်ချပစ်လိုက်ပါ။ လုံးဝမထားပါနဲ့တော့။ မသိတဲ့လူများက ဆက်သွယ်မိရင် သတင်းပေါက်ကြားသွားတာတွေ ဖြစ်စေနိုင်ပါတယ်။

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများပို့ရင် ဓာတ်ပုံတွေမှာ လူပုံတွေကို တတ်နိုင်သမျှ ဖျောက်ထားပါ။ လူပုံရိပ်တွေပါရင်တောင် ထင်ရှားတဲ့အမှတ်အသားတွေပါတဲ့အထိ အနီးကပ်ဓာတ်ပုံရိုက်ပို့တာတွေ မလုပ်ပါနဲ့။ ကိုယ့်ရဲဘော်လုံခြုံရေးကို အမြဲဂရုပြုပါ။ သတင်းတပုဒ်လေးအတွက် ကိုယ့်ရဲဘော်ကိုယ် စတေးလိုက်မိတဲ့ အဖြစ်မျိုး လုံးဝမဖြစ်ပါစေနဲ့။

စာရွက်စာတမ်း

တတ်နိုင်သမျှ စာရွက်စာတမ်းတွေကို ကိုယ်နဲ့ နီးနီးကပ်ကပ် မထားပါနဲ့။ USB ထဲမှာ စာရွက်စာတမ်းတွေ ရှိနေတုန်း၊ ပိတ်ဖမ်းနေတာမျိုး ကြုံတဲ့အခါ၊ မလွတ်နိုင်တော့ဘူးထင်ရင် USB ကို ချိုးဖဲ့ဖျက်ဆီးပစ်လိုက်ပါ။ စာရွက်စာတမ်းတွေနဲ့ အမိမခံပါနဲ့။

စာရွက်စာတမ်းတွေကို အိမ်မှာမထားပါနဲ့။ မလိုအပ်တာတွေကို သိမ်းမထားပါနဲ့။ အသုံးပြုစရာ မလိုတော့တဲ့ ပိုစတာဟောင်းတွေ၊ စာရွက်ဟောင်းတွေကို မီးရှို့ဖျက်ဆီးပစ်လိုက်ပါ။ ကွန်ပျူတာသုံးတယ်ဆိုရင် ကွန်ပျူတာထဲမှာ သိမ်းမထားပါနဲ့။ အလွယ်တကူ ရွှေ့ပြောင်းသယ်ယူနိုင်တဲ့ ပစ္စည်းလေးတွေထဲကို ပြောင်းထည့်လိုက်ပါ။ အီးမေးလ်ထဲက မလိုအပ်တော့တဲ့ မေးလ်တွေကို ဖျက်ပစ်လိုက်ပါ။ သိမ်းမထားပါနဲ့။ အထူးသဖြင့် တော်လှန်ရေးသမားတွေနဲ့ ဆက်သွယ်ထားတဲ့ chat တွေကို အကုန်ဖျက်ပစ်လိုက်ပါ။ လက်ဝယ်ရှိတဲ့ စာရွက်စာတမ်းတွေကို သိမ်းထားဖို့လိုတယ်ဆိုရင် တခြားကျောင်းမှတ်စုတွေ၊ အလုပ်မှတ်စုတွေနဲ့ ရောထားလိုက်ပါ။ ဖိုင်သီးသန့်ခွဲသိမ်းတာမျိုး မလုပ်ပါနဲ့။

မြေအောက်ရဲဘော်

ဆောင်းပါး

ဒီတိုက်ပွဲပြီးရင်

ပြည်လုံးကျွတ် စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုတိုက်ပွဲကြီးကို ကျမတို့ ဆင်နွှဲနေကြပါတယ်။ ညဘက်သံပုံးတီးခြင်း၊ ဝန်ထမ်းများမှ CDM လုပ်ခြင်း၊ လူထုလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ စစ်အာဏာရှင်ထုတ်ကုန်များအား သပိတ်မှောက်ခြင်း၊ လူမှုပြစ်ဒဏ်ပေးခြင်း၊ သံတမန်ရေးရာ နည်းလမ်းများ အသုံးပြုခြင်း၊ လက်နက်ကိုင်နည်းလမ်းဖြင့် စစ်ကောင်စီတပ်များအား ချေမှုန်းခြင်း စတဲ့ နည်းလမ်းစုံနဲ့ ကိုယ်တတ်နိုင်တဲ့ အခန်းကဏ္ဍကနေ ပါဝင်နေကြပါတယ်။ အသက်တွေ၊ ဘဝတွေ ရင်းနှီးပေးဆပ်နေကြရပါတယ်။ ဒါတွေအားလုံးဟာ စစ်အာဏာရှင်စနစ် မုချကျဆုံးရေး ပန်းတိုင်အတွက်ပါ။

ကျမတို့ ပြည်သူအားလုံးဟာ နှစ်ပေါင်းများစွာ တောနက်ဝင်္ကဘာထဲမှာ တဝဲလည်လည် လမ်းပျောက်နေကြသူတွေလိုပါပဲ။ လမ်းစလေးတွေ ပေါ်လာလိုက်၊ လိုက်သွားရင် တပတ်ပြန်လည်ပြီး စစ်အာဏာရှင်လက်အောက် ပြန်ရောက်သွားလိုက်နဲ့ တောထဲမှာ လမ်းပျောက်ပြီး ဘဝပျက်သုဉ်း နေကြရပါတယ်။ ကျမတို့ ဒီတောနက်ကြီးထဲကနေ အန်တုရုန်းထွက်ကြရပါမယ်။ စစ်အာဏာရှင် ချပေးတဲ့ လမ်းကြောင်းမှန်သမျှကို ကျမတို့ လိုက်မလျှောက်ပဲ၊ ကိုယ့်လမ်းကိုယ်ရှာ၊ ဖောက်ထွက်ကြရပါမယ်။

ဒီ တိုက်ပွဲကြီးပြီးရင် ဖက်ဒရယ်ဒီမိုကရက်တစ် နိုင်ငံသစ်ကြီးတခုကို ကျမတို့ အားလုံး အတူတကွ တည်ဆောက်ခွင့် ရလာတော့မှာပါ။

(၁) လွန်ခဲ့သော နှစ်ကာလတွေမှာ အုပ်ချုပ်ရေးယန္တရားတွေကို စစ်အုပ်စုနဲ့ စစ်အုပ်စု အပေါင်းအပါများကသာ ထိန်းချုပ်ခဲ့ကြပါတယ်။ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာများမှာသာမက မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး၊ ပြည်ထောင်စု အဆင့်များရဲ့ ပြည်သူ့အုပ်ချုပ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုယန္တရားတွေကို ထိန်းချုပ်ထားမှုတွေ ရှိတာကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော အုပ်ချုပ်ရေးမဏ္ဍိုင်ကို အပြည့်အဝ မဖော်ဆောင်နိုင်ခဲ့ပါဘူး။ ဒီတိုက်ပွဲကြီးပြီးရင် တိုင်းပြည်အတွက် လိုအပ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးကို ခိုင်မာစွာ အုတ်မြစ်ချ နိုင်တော့မှာပါ။

(၂) လွန်ခဲ့သော နှစ်ကာလတွေမှာ တိုင်းပြည်အနာဂတ်အတွက် လိုအပ်တဲ့ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ ဥပဒေရေးရာ သုံးသပ်ချက်များ ပြုလုပ်ခြင်း၊ ဥပဒေများအား ပြင်ဆင်ခြင်း၊ မလိုအပ်သော ဥပဒေများအား ဖျက်သိမ်းခြင်း၊ ဘတ်ဂျက်များ စိစစ်ချမှတ်ခြင်း၊ သုံးစွဲမှုများအား ဆန်းစစ်ခြင်းတွေကို အပြည့်အဝ ထိရောက်အောင် လုပ်ဆောင်ဖို့ ခက်ခဲခဲ့ပါတယ်။ အတားအဆီးများစွာ ကြုံတွေ့ခဲ့ကြရပါတယ်။ အထူးသဖြင့် mother law ဖြစ်နေတဲ့ စစ်အာဏာရှင် စနစ် အမြစ်တွယ် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ဖျက်သိမ်းပြီး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသော ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးပေါ်ထွန်းလာအောင် လုပ်ဆောင်လို့ မရခဲ့ပါဘူး။ ဒီတိုက်ပွဲကြီးပြီးရင် ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို ရေးဆွဲပြဋ္ဌာန်းပြီး အုတ်မြစ်ချနိုင်တော့မှာ ဖြစ်ပါတယ်။

(၃) လွန်ခဲ့သော နှစ်ကာလတွေမှာ ထိရောက်၍ တရားမျှတသော တရားစီရင်ရေး စနစ်ကြီးကို ပြုပြင်ပြောင်းလဲဖို့ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပါတယ်။ တရားဥပဒေစိုးမိုးရေး (Rule of Law) နဲ့ တရားမျှတမှု (Justice) အရေးကိစ္စတွေကို အသံသာမြည်နေပြီး၊ အဆံမပါတဲ့ အမြောက်သဖွယ်သာ ပြောဆိုနေခဲ့ရတာပါ။ ဒီတိုက်ပွဲကြီးပြီးရင် အသံနဲ့ အဆံတွဲပါပြီ။ တရားဥပဒေစိုးမိုးရေးနဲ့ မျှတသော တရားစီရင်ရေး စနစ်ကြီးကို ဖော်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။

(၄) လွန်ခဲ့သော နှစ်ကာလတွေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ နည်းလမ်းများစွာနဲ့ ကြိုးစားနေခဲ့ပေမယ့် ပြိုင်ဆိုင်မှုအားကောင်းသော ဈေးကွက်စီးပွားရေးစနစ်ကြီးကို ထိရောက်စွာ မဖော်ဆောင်နိုင်ခဲ့ပါဘူး။ စစ်အုပ်စုနဲ့ စစ်အုပ်စုအပေါင်းအပါများကသာ စီးပွားရေးလောကကြီးကို လွှမ်းမိုးထိန်းချုပ် ထားခဲ့ကြ ပါတယ်။ ဒီတိုက်ပွဲကြီးပြီးရင် စီးပွားရေးကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုထိရောက်သော ခြေလှမ်းသစ်များကို စတင်နိုင်တော့မှာဖြစ်ပါတယ်။

(၅) လွန်ခဲ့သော နှစ်ကာလတွေမှာ လူမှုတရားမျှတမှု၊ လူမှုပေါင်းစည်းမှုတို့ အားကောင်းစေရန် ဆောင်ရွက်ခဲ့ပေမယ့် စစ်အုပ်စုနဲ့ စစ်အုပ်စုအပေါင်းအပါများရဲ့ သွေးခွဲမှုတွေ၊ အနိုင်ကျင့် ရမ်းကားမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒီတိုက်ပွဲကြီးပြီးရင် ခွဲခြားဆက်ဆံမှုများ ကင်းရှင်းပြီး၊ ညီညွတ်သော လူ့အဖွဲ့အစည်းကြီးကို တည်ဆောက်နိုင်တော့မှာ ဖြစ်ပါတယ်။

(၆) လွန်ခဲ့သော နှစ်ကာလတွေမှာ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်ဖို့ အခက်အခဲ၊ အတားအဆီးများစွာ ကြုံခဲ့ကြရပါတယ်။ လူသားလုံခြုံရေး၊ လူ့အဖွဲ့အစည်း ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ လုံခြုံရေးတို့အတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်သော protection mechanisms များ ချမှတ်ဖို့ အခြေအနေ

မပေးခဲ့ပါဘူး။ ဒီတိုက်ပွဲကြီးပြီးရင် နိုင်ငံတော်လုံခြုံရေးနဲ့ လူသားလုံခြုံရေးကို ပေါင်းစပ်ပြီး၊ ပြည်သူလူထုအတွက် sense of security ကို ဖန်တီးတည်ဆောက်နိုင်တော့မှာ ဖြစ်ပါတယ်။

(၇) လွန်ခဲ့သော နှစ်ကာလတွေမှာ ဘယ်လိုပင်ကြိုးစားပေမယ့် ရေရှည်ခံငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ လုပ်ငန်းစဉ်များကို ထိရောက်စွာ မချမှတ်နိုင်ခဲ့ပါဘူး။ နှောင့်ယှက်ဖျက်ဆီးမှုများစွာကို ကြုံခဲ့ရပြီး၊ စစ်ရေးကို ငြိမ်းချမ်းရေးထက် ပိုမိုအကဲပိုနေတဲ့ လုံခြုံရေးအင်စတီကျူးရှင်းဖြစ်သော စစ်တပ်ကြောင့် ပြည်တွင်းစစ်ကို မရပ်စဲနိုင်ခဲ့ပါဘူး။ ဒီတိုက်ပွဲကြီးပြီးရင် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် အရပ်ဘက် အုပ်ချုပ်မှုနဲ့ ကွပ်ကဲမှုကို တည်ဆောက်နိုင်တော့မှာ ဖြစ်တဲ့အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဖော်ဆောင်တည်ဆောက်နိုင်တော့မှာ ဖြစ်ပါတယ်။

ဒီတိုက်ပွဲကြီးပြီးရင် ကျမတို့ ပြည်သူတွေဟာ စစ်အုပ်စုဖန်တီးထားတဲ့ တောအုပ်ထဲကနေ လွတ်မြောက်တော့မှာပါ။

ပြိုင်တူတွန်းရင်ရွေ့မှာပါ။ တိုက်ပွဲဝင်အသိ၊ တိုက်ပွဲဝင်သတိဖြင့် အဆုံးသတ်တိုက်ပွဲ ဆင်နွှဲကြပါစို့။

ခင်မမမျိုး (၄၊၃၊ ၂၀၂၁)



ဆောင်းပါး

Gender နှင့် တိုင်းပြည်ကာကွယ်ရေး

နိဒါန်း

တိုင်းပြည်ကာကွယ်ရေးကို သက်ရောက်မှုရှိစေတဲ့ အချက်အလက်များစွာရှိပါတယ်။ အဓိက သက်ရောက်စေတဲ့ အချက်များကတော့ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်သူ့ဝန်ဆောင်မှုရေးရာ ထိရောက်မှု၊ လူမျိုးစုရေးရာနှင့် ဘာသာရေးရာပဋိပက္ခများနှင့် တင်းမာမှုများ၊ သဘာဝပတ်ဝန်းကျင်ရေးရာ ပြဿနာများ၊ ပထဝီနိုင်ငံရေး အခြေအနေ၊ သံတမန်ရေးရာ၊ အိမ်နီးချင်းနိုင်ငံများရဲ့ စစ်အင်အား၊ ဒေသတွင်း စစ်ရေးပူးတွဲဆောင်ရွက်မှုများ စတာတွေ ဖြစ်ပါတယ်။ အဆိုပါ အခြေအနေများဟာ ပြောင်းလဲ ရှုပ်ထွေးနေတတ်တာကြောင့် ကာကွယ်ရေး မူဝါဒဆိုင်ရာ မူဘောင်များကို ပြောင်းလဲနေသော အခြေအနေများနဲ့အညီ ပြန်လည်သုံးသပ်မှုများကို နိုင်ငံအသီးသီးမှာ ပြုလုပ်လေ့ရှိကြပါတယ်။ ဒီလိုပြုလုပ်ရာမှာ ကျားမရေးရာကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစားမှုတွေ ပြုလုပ်လာကြပါတယ်။

ကာကွယ်ရေး မူဝါဒ

ကာကွယ်ရေးမူဝါဒများမှာ ဒီမိုကရက်တစ်အရပ်ဘက်အုပ်ချုပ်မှုနှင့် ကွပ်ကဲမှု၊ ကာကွယ်ရေးစီမံခန့်ခွဲမှု၊ ကာကွယ်ရေးဘတ်ဂျက်များ ခွဲဝေချထားမှု၊ ခေတ်မီဖွံ့ဖြိုးသော တပ်မတော်တည်ဆောက်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ အခြေခံမူများ (Strategic Principles of Defence Policy) ကို ကနဦးချထားလေ့ရှိကြပါတယ်။ အဆိုပါ အခြေခံမူများအပေါ်အခြေခံပြီး ကာကွယ်ရေးစနစ် (Defence System) ကို ခိုင်မာစွာ တည်ဆောက်ထားရှိကြပါတယ်။

ကာကွယ်ရေးစနစ်နဲ့ ပတ်သက်ပြီး အရပ်ဘက်အုပ်ချုပ်မှု (Civilian Command)၊ လွှတ်တော်မှ ကွပ်ကဲမှု (Parliamentary Oversight)၊ ကာကွယ်ရေးဘတ်ဂျက်ခွဲဝေမှု (Defence Budget allocation)၊ ကာကွယ်ရေးအရင်းအမြစ်များ စီမံခန့်ခွဲမှုစနစ် (Defence Resource Management System)၊ ကာကွယ်ရေး

ဥပဒေ (Defence Act)၊ ကြည်းရေလေ တပ်များ (Armed Forces) ၏ ဖွဲ့စည်းပုံများ၊ operational and administrative Chain of Command ဆိုင်ရာ ကိစ္စရပ်များ၊ တပ်အရွယ်အစား၊ လေ့ကျင့်ရေးနှင့် တပ်နေရာချထားရေး စတဲ့ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားလေ့ရှိကြပါတယ်။ ယူနီဖောင်း သတ်မှတ်ချက်များနှင့် ရာထူးအဆင့်အတန်း သတ်မှတ်ချက်များဆိုင်ရာ မူဝါဒများကိုလည်းချမှတ်ထားရှိပြီး၊ အရပ်သားဝန်ထမ်းများအား စီမံခန့်ခွဲခြင်းစနစ်(Civilian Personnel Management System) ကိုလည်း ချမှတ်ဆောင်ရွက်လေ့ ရှိပါတယ်။ ၂၁ ရာစု ကာကွယ်ရေး မူဝါဒများ ချမှတ်ခြင်းနဲ့ ပြင်ဆင်သတ်မှတ်ခြင်းတွေမှာ ကျားမရေးရာ အခြေခံမူများကိုပါ အလေးထားပြီး ထည့်သွင်းလာကြပါတယ်။

ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ

ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ယေဘုယျအားဖြင့် အပိုင်း (၁၃) ပိုင်း ခွဲပြီး ထည့်သွင်း စဉ်းစားလေ့ ရှိကြပါတယ်။

(၁) ကာကွယ်ရေး မူဝါဒရေးရာ လုပ်ထုံးလုပ်နည်းများ (Defence Policy settings)

ကာကွယ်ရေး မူဝါဒရေးရာ လုပ်ထုံးလုပ်နည်းများ ချမှတ်ရာမှာ ကာကွယ်ရေးမူဝါဒများနှင့် ပတ်သက်၍ အစိုးရ၏အခန်းကဏ္ဍ၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အမြင်သဘောထားများအား လွှတ်တော်တွင် ပြဌာန်းနိုင်ခြင်း၊ ကာကွယ်ရေးမူဝါဒများ ချမှတ်ပြဌာန်းခြင်းနှင့် စပ်လျဉ်း၍ သမ္မတ၏ အခန်းကဏ္ဍ၊ ကာကွယ်ရေးမူဝါဒများ ချမှတ်ပြဌာန်းခြင်းနှင့် စပ်လျဉ်း၍ကာကွယ်ရေးဝန်ကြီး၏ အခန်းကဏ္ဍ၊ ကာကွယ်ရေး မူဝါဒ ထုတ်ပြန်ကြေငြာခြင်းနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများ၊ ကာကွယ်ရေး မူဝါဒနှင့် ပတ်သက်၍ သုတေသနနှင့် မူဝါဒရေးရာ အင်စတီကျူးရှင်းများ၏ အခန်းကဏ္ဍ စတာတွေကို ထည့်သွင်းစဉ်းစားလေ့ရှိပါတယ်။

(၂) အရပ်ဘက်စစ်ဘက်ဆက်နွယ်ပတ်သက်မှု

အရပ်ဘက်စစ်ဘက် ဆက်နွယ်ပတ်သက်မှုများကို စဉ်းစားရာမှာ စစ်တပ်၏သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ လူထုအား အသိပေးထားမှု အခြေအနေ၊ လူ့အဖွဲ့အစည်းထဲတွင် စစ်တပ်၏အခန်းကဏ္ဍအား ပုံဖော်ထားသော အခြေအနေ၊ နိုင်ငံရေးနှင့် စစ်တပ်အကြား ဆက်နွယ်ပတ်သက်မှု၊ စစ်တပ်အတွင်းတွင် တိုင်းရင်းသားများနှင့် ကျားမရေးရာပါဝင်မှု အခြေအနေ၊ ရာထူးတိုးရေးကိစ္စများ၊ စစ်တပ်၏လူမှုအသိုင်းအဝန်း ကိုယ်စားပြုမှုများ၊ ကလေးစစ်သားအခြေအနေ၊ အငြိမ်းစားနှင့် အနားယူမှုဆိုင်ရာ ခံစားခွင့်များ စတာတွေကို ထည့်သွင်း စဉ်းစားလေ့ရှိကြပါတယ်။

(၃) ကာကွယ်ရေးကဏ္ဍနှင့် ဒီမိုကရက်တစ်အရပ်ဘက်အုပ်ချုပ်မှု (Democratic Control of Defence Sector)

ကာကွယ်ရေးကဏ္ဍနှင့် ဒီမိုကရက်တစ် အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ စဉ်းစားချက်များမှာ ကာကွယ်ရေးဝန်ကြီးသည် အရပ်သား ဖြစ်ခြင်း၊ ကာကွယ်ရေး ဦးစီးချုပ်အား သမ္မတမှ လုံခြုံရေးကော်မရှင်၏ ထောက်ခံမှုဖြင့် ခန့်အပ်ခြင်း၊ ဒီမိုကရက်တစ် အရပ်ဘက်အုပ်ချုပ်မှုအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားခြင်း၊ကာကွယ်ရေးမူဝါဒများ ချမှတ်ပြဋ္ဌာန်းရာတွင် အရပ်သား ကာကွယ်ရေး ဝန်ကြီး ဦးဆောင်သောကာကွယ်ရေး ဝန်ကြီးဌာနမှ ပြဋ္ဌာန်းခြင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနတွင် အရပ်သားများ ပါဝင်ခြင်း၊ ကာကွယ်ရေး မူဝါဒများ ချမှတ်ပြဋ္ဌာန်းရာတွင် အရပ်ဘက်အဖွဲ့ အစည်းများနှင့် public consultation ပြုလုပ်ခြင်း၊ ကာကွယ်ရေး မူဝါဒများနှင့် ပတ်သက်၍ ပွင့်လင်း မြင်သာမှုရှိခြင်း၊ ကာကွယ်ရေး မူဝါဒများအား စစ်တပ်မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိခြင်း စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၄) လွှတ်တော်နှင့် တရားစီရင်ရေးအာဏာများမှ ကာကွယ်ရေးကဏ္ဍအားကွပ်ကဲမှု (Legislative and Judicial Oversight of Defence Sector)

ကာကွယ်ရေးတွင် အရပ်ဘက်မှ စိုးမိုးမှု (Civilian Supremacy) သဘောတရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းထားခြင်း၊ ကာကွယ်ရေးဘတ်ဂျက်ကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက် ရယူခြင်း၊ ကာကွယ်ရေး အသုံးစရိတ်များနှင့် ပတ်သက်၍ လွှတ်တော်မှ ကြားနာစစ်ဆေးခွင့်ရှိခြင်း၊ လွှတ်တော်တွင် လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကော်မတီ ထားရှိခြင်း၊ ကာကွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ criminal and civil codes of conduct များ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊ အရပ်ဘက်ဥပဒေ ချိုးဖောက်မှုများအား တရားစီရင်ခြင်း၊ တရားမျှတမှု၊ ယုံကြည်မှုနှင့် ပွင့်လင်းမြင်သာမှုအား မြှင့်တင်ခြင်း စတာတွေကို ထည့်သွင်းစဉ်းစားလေ့ရှိပါတယ်။

(၅) လုံခြုံရေးရာ ခြိမ်းခြောက်မှု ဆန်းစစ်ချက်နှင့် ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များ (Security Risk Assessments and Defence Requirements)

ပြည်တွင်းပြည်ပ ခြိမ်းခြောက်မှုများအား လေ့လာဆန်းစစ်ချက်၊ ခြိမ်းခြောက်မှုများအား ထိန်းချုပ်နိုင်ရန် ကာကွယ်ရေး လိုအပ်ချက်များ စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၆) ကာကွယ်ရေးကဏ္ဍ စီမံခန့်ခွဲမှု (Defence Management)

ကာကွယ်ရေးကဏ္ဍ စီမံခန့်ခွဲရေးအတွက် အစီအစဉ်များ၊ ကြိုတင်ပြင်ဆင်မှုများနှင့် စီမံခန့်ခွဲရေးဖြစ်စဉ်၊

ဘဏ္ဍာရေးဆိုင်ရာ အစီအမံများ၊ လက်နက်ပစ္စည်း ဝယ်ယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုများ၊ ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှု၊ စစ်ရာထူးခန့်ထားရေး ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၇) တာဝန်ခံမှုနှင့်လုပ်ပိုင်ခွင့် (accountability and authority)

အမိန့်ပေးမှု၊ တာဝန်ခံမှု၊ တပ်တွင်းတပ်ပြင် လုပ်ပိုင်ခွင့်များ၊ လူထုဆက်ဆံရေး၊ မီဒီယာ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၈) စွမ်းရည် (Capabilities)

တပ်နေရာချထားမှု၊ စစ်မှုထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း အစီအစဉ်၊ တပ်စည်းကမ်းလိုက်နာမှု၊ စွမ်းရည်ပြည့်ဝမှု၊ ပရော်ဖက်ရှင်နယ်စွမ်းရည်များ ဖြည့်ဆည်းပေးမှု စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၉) နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း (Compliance with International Norms and Practices)

သင့်လျော်သော နိုင်ငံတကာ ဥပဒေနှင့် ကျင့်ဝတ်များအား လိုက်နာကျင့်သုံးခြင်း၊ လိုက်နာကျင့်သုံးမှု အားကောင်းစေရန် လိုအပ်သည့် စွမ်းရည်များ ဖြည့်ဆည်းပေးခြင်း၊ ကာကွယ်ရေးနည်းပညာနှင့် စစ်လက်နက် ပစ္စည်းများ ဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ်များအား လေးစားလိုက်နာခြင်း စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၁၀) ဝန်ထမ်းရေးရာ (Personnel structures and practices)

တိကျသော တာဝန်နှင့် လုပ်ပိုင်ခွင့် သတ်မှတ်ချက်များ ရှိခြင်း၊ လူ့စွမ်းအား အရင်းအမြစ်များအား စနစ်တကျ စီမံခန့်ခွဲခြင်း၊ ရာထူးတာဝန်အလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ကျင့်ဝတ်များ ရှိခြင်း စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၁၁) ဘဏ္ဍာရေးရာ စီမံချက်နှင့် အရင်းအမြစ်များ ခွဲဝေချမှတ်ခြင်း (Financial Planning and Resource Allocation)

ဘဏ္ဍာရေးမူဝါဒများနဲ့ ပစ္စည်းဝယ်ယူရေးမူဝါဒများ၊ အရင်းအမြစ်များ ခွဲဝေအသုံးပြုခြင်းဆိုင်ရာ မူများကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၁၂) ကာကွယ်ရေး အသုံးစရိတ်များအား စီမံခန့်ခွဲခြင်း (Management of Defence Spending)

ကာကွယ်ရေးအသုံးစရိတ်များအား ရယူသုံးစွဲမှု၊ ဘတ်ဂျက်ပြင်ဆင်တောင်းခံမှု၊ ထိရောက်စွာ သုံးစွဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ သိက္ခာရှိမှု စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

(၁၃) နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း (International Cooperation)

ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု၊ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် ပြည်ထဲရေးနှင့် နိုင်ငံခြားရေး မူဝါဒများနှင့်ဆက်စပ် ဆောင်ရွက်မှု၊အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး မူဝါဒများတွင် ကာကွယ်ရေး၏ အခန်းကဏ္ဍ စတာတွေကို ထည့်သွင်းစဉ်းစားကြပါတယ်။

ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များမှာ ကျားမရေးရာ သိမြင်နားလည်မှုရှိခြင်း (Gender Awareness)၊ ကျားမရေးရာ အမြင်ရှိခြင်း (Gender Perspectives)၊ ကျားမရေးရာ ဆန်းစစ်ချက်များ ပြုလုပ်ခြင်း (Gender analysis)၊ ကျားမရေးရာ တုန့်ပြန်ဆောင်ရွက်ခြင်း (Gender Responsiveness) တို့ကိုလည်း ကမ္ဘာတဝှမ်းမှာ ထည့်သွင်းစဉ်းစားလာကြပါတယ်။ Gender Responsive Defence Sector ဖစ်ထွန်းလာရေးအတွက် လုပ်ဆောင်လာကြပါတယ်။

ကျားမရေးရာ တုန့်ပြန်ဆောင်ရွက်မှုရှိသော ကာကွယ်ရေးကဏ္ဍ

ဒီမိုကရက်တစ် အရပ်ဘက်စစ်ဘက် ဆက်ဆံရေးသဘောတရားအရ နိုင်ငံတော်စာ အင်အား အသုံးပြုမှုကို တရားဝင်လုပ်ဆောင်ခွင့်ရှိတဲ့ တခုတည်းသော အရာဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးနဲ့ လုံခြုံရေး ဝန်ဆောင်မှုများ ပြုလုပ်ရာမှာ ဒီမိုကရေစီ အုပ်ချုပ်ရေးအပေါ် တာဝန်ခံမှုရှိရပါမယ်။ လွှတ်တော်ဟာ လုံခြုံရေးနှင့် ကာကွယ်ရေး အသုံးစရိတ်များကိုချမှတ်ပေးရမယ့် တခုတည်းသော ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်အဖွဲ့ဖြစ်ပါတယ်။ ကာကွယ်ရေး အင်အားစုများဟာ နိုင်ငံရေးအရ ဘက်လိုက်မှု ကင်းရှင်းရပါမယ်။ ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍ ဝန်ထမ်းများဟာ နိုင်ငံတွင်းနှင့်နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ပါက တရားရုံးများအပေါ် တာဝန်ခံမှု ရှိရပါမယ်။

ကာကွယ်ရေးမူဝါဒနဲ့ စာချုပ် စာတမ်းများ၊ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ မဟာဗျူဟာများ၊ မူဘောင်များမှာ ကျားမရေးရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပြီး၊ ကာကွယ်ရေးကဏ္ဍ အပါအဝင် လုံခြုံရေးကဏ္ဍများအားလုံး gender responsiveness ဖြစ်ရန် လိုအပ်ကြောင်း အကြံပြုဆွေးနွေးချက်များလည်း ပေါ်ထွန်းလာပါတယ်။

ကာကွယ်ရေးနဲ့ လုံခြုံရေး အင်စတီကျူးရှင်းများမှာ Gender Responsiveness ဖြစ်ရန် လိုအပ်ပြီး ဖြည့်ဆည်းဆောင် ရွက်ရမမယ့်ဒိုင်မင်ရှင်း (၁၆) ခုကို ပညာရှင်များက ဖော်ထုတ်ထားကြပါတယ်။

ဒိုင်မင်ရှင်း(၁၆) ခုအနက် ကဏ္ဍကြီး(၁) မှာ လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှုဖြစ်ပြီး၊ စွမ်းဆောင်ရည်နှင့်လေ့ကျင့်ရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမှီခြင်း၊ ကျားမရေးရာ မှုခင်းသတင်း အချက်အလက်များ ကောက်ယူခြင်း စတဲ့ ဒိုင်မင်ရှင်း (၃) ခုနဲ့ ကာကွယ်ရေး အင်စတီကျူးရှင်းများရဲ့ ကျား မရေးရာတုန့်ပြန်ဆောင်ရွက်မှုကို လေ့လာဆန်းစစ် ကြပါတယ်။

ကဏ္ဍကြီး (၂) မှာ ဥပဒေ၊ မူဝါဒ၊ စီမံကိန်းများနှင့် သက်ဆိုင်ပြီး ၊ အမျိုးသားအဆင့်၊ ဒေသတွင်းနှင့် နိုင်ငံတကာ စံနှုန်းများ၊ အင်စတီကျူးရှင်း မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ချိတ်ဆက် ပေါင်းစည်းဆောင်ရွက်မှုများ စတဲ့ ဒိုင်မင်းရှင်းများနဲ့ ကျားမရေးရာ တုန့်ပြန်ဆောင်ရွက်မှုကို လေ့လာဆန်းစစ်နိုင်ပါတယ်။

ကဏ္ဍကြီး (၃) မှာ လူမှုအသိုက်အဝန်းဆက်ဆံရေးနှင့် သက်ဆိုင်ပြီး၊ကာကွယ်ရေးနဲ့ လုံခြုံရေးကဏ္ဍအပေါ် လူ့အဖွဲ့အစည်း၏ အမြင်သဘောထားများ၊ လူထုနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အကြံပြုချက်များ ရယူသည့် အခြေအနေများ စသည့် ဒိုင်မင်းရှင်း နှစ်ခုဖြင့် ဆန်းစစ်လေ့လာကြပါတယ်။

ကဏ္ဍကြီး (၄) မှာ တာဝန်ခံမှု၊ ကွပ်ကဲမှုနှင့် သက်ဆိုင်ပြီး၊ ကာကွယ်ရေးနဲ့ လုံခြုံရေး အင်စတီကျူးရှင်းများ၏ ဝန်ထမ်းများအား တိုင်ကြား အရေးယူနိုင်မှုအခြေအနေနှင့် ပြင်ပရေးရာ၊ အတွင်းရေးရာ အရပ်ဘက်ကွပ်ကဲမှု အခြေအနေများကို လေ့လာဆန်းစစ်နိုင်တဲ့ ဒိုင်မင်းရှင်း နှစ်ခုပါဝင်ပါတယ်။

ကဏ္ဍကြီး (၅) မှာ ဝန်ထမ်းရေးရာနှင့် သက်ဆိုင်ပြီးကာကွယ်ရေးနဲ့ ၊ လုံခြုံရေးအင်စတီကျူးရှင်းများရဲ့ ဝန်ထမ်းခေါ်ယူခြင်းနှင့် ရွေးချယ်ခန့်ထားခြင်း၊ ဝန်ထမ်းမြဲစေရန် ဆောင်ရွက်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ နေရာချထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ခံစားခွင့်များ ပေးအပ်ခြင်း၊ လက်တွဲခေါ်ယူခြင်းနှင့် ထောက်ပံ့ခြင်း၊ နည်းပညာနှင့် လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးကူညီခြင်း စတဲ့ ဒိုင်မင်းရှင်းများတွင် ကျားမရေးရာ တုန့်ပြန်ထည့်သွင်းမှု ရှိစေရေးကို ဆိုလိုပါတယ်။

ကဏ္ဍကြီး (၆) မှာ အင်စတီကျူးရှင်းယဉ်ကျေးမှုနှင့် သက်ဆိုင်ပြီးကာကွယ်ရေးနဲ့ လုံခြုံရေး အင်စတီကျူးရှင်းများ မှာ ကျားမရေးရာ နားလည်သိရှိမှု မြင့်မားစေရန် သင်တန်းများပေးခြင်း၊ ဦးဆောင်မှု အခန်းကဏ္ဍတွင် ကျားမရေးရာ တန်းတူညီမျှမှု ရှိစေရန် ဆောင်ရွက်ခြင်း ၊ အများပြည်သူရှေ့ပြယုဂ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း စသည့် ဒိုင်မင်းရှင်းများ လုပ်ဆောင်ရန် ဖြစ်ပါတယ်။

ဒီအတွက် ကျားမရေးရာ တုန့်ပြန်မှုရှိသော ကာကွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများ လိုအပ်ကြောင်းကို အကြံပြုဆွေးနွေးလာကြပါတယ်။

Gender Responsive Defence Reform

Gender-responsive defence reform ပြုလုပ်ခြင်းဖြင့်

- ကျားမရေးရာ မတူညီသော လုံခြုံရေးလိုအပ်ချက်များကို တုန့်ပြန်ဆောင်ရွက်နိုင်ခြင်း
- ကျားမရေးရာနှင့် ကျားမရေးရာ အကြမ်းဖက်မှုများကို တုန့်ပြန်ဖြေရှင်းနိုင်သော စွမ်းရည် တည်ဆောက်နိုင်ခြင်း
- စစ်တပ်၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးကဏ္ဍ ကွပ်ကဲမှုအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လာစေရန် လုပ်ဆောင်နိုင်ခြင်း
- လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှ ကျူးလွန်သော ခွဲခြားဆက်ဆံမှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အဆုံးသတ်နိုင်ခြင်း
- အရပ်ဖက်အဖွဲ့အစည်းနှင့် လက်နက်ကိုင်တပ်များအကြား ခိုင်မာသော ဆက်ဆံရေးကို တည်ဆောက် နိုင်ခြင်း

• လုံခြုံရေးနှင့် ကျားမရေးရာ ကဏ္ဍဆိုင်ရာ ဆက်စပ်သည့် နိုင်ငံတကာ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာကျင့်သုံးခြင်း

စတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်။

ကျားမရေးရာ တုန့်ပြန်မှုရှိသော ကာကွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှာ အမျိုးသမီးများ အပါအဝင် ကဏ္ဍစုံမှ ပါဝင်မှုက အရေးကြီးပါတယ်။ ပြန်လည်သုံးသပ်ရာမှာ ပါဝင်သည့် အစုအဖွဲ့များ၏ ကျားမရေးရာ စွမ်းရည်ကို ကျားမရေးရာ သင်တန်းများပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကျားမရေးရာနှင့် လုံခြုံရေး ဆက်စပ်မှုများကို briefings ပေးခြင်း စတာတွေနဲ့ ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။ ပေါင်းစပ်ပါဝင်မှုနှင့် တူညီသော ရာထူးအခွင့်အလမ်း ရရှိမှု ရေးရာ များအတွက် ကာကွယ်ရေးတပ်များအတွင်း ရောက်ရှိနေပြီးသော အမျိုးသမီးများ၏ အကြံဉာဏ်များကို ထည့်သွင်း စဉ်းစားဖို့ လိုပါတယ်။ လွှတ်တော်တွင်းရှိ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးသဖြင့် အမျိုးသမီး မဟာမိတ်အဖွဲ့များ၏ အကြံဉာဏ်ကို ရယူသင့်ပါတယ်။

တပ်မတော်အတွင်း ဝန်ထမ်းရွေးချယ်ခန့်ထားမှုများအား သုံးသပ်၍၊ အရပ်သား အမျိုးသမီးများ ခန့်ထားနိုင်သော ရာထူးနေရာများအား ရှာဖွေ ဖော်ထုတ်ခြင်း၊ အရပ်သား စီမံခန့်ခွဲမှုများ၊ အထူးသဖြင့် ကာကွယ်ရေး ဝန်ကြီးဌာနတွင် civilian defence structures ပေါ်ထွက်လာစေရန် ဆောင်ရွက်ခြင်း စတာတွေကိုလည်း ပြုလုပ်လေ့ရှိကြပါတယ်။

အမျိုးသမီးများ၏ စိတ်ဝင်စားမှုနှင့် ဆက်စပ်ဆောင်ရွက်မှုများ တိုးမြှင့်ပေးရန် အရေးဆိုမှုနှင့် ကွပ်ကဲမှုများ အပါအဝင် လုံခြုံရေးနှင့် ကာကွယ်ရေး မူဝါဒများကို အမျိုးသမီးအဖွဲ့များမှ နားလည်သိရှိခြင်း စွမ်းရည် မြှင့်တင်ပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အရပ်ဘက်ကွပ်ကဲမှု စွမ်းရည်မြင့်မားလာစေရေးအတွက် အရပ်ဘက်အဖွဲ့အစည်းမှ ကျားမရေးရာနှင့် လုံခြုံရေးရာ ကျွမ်းကျင်သူများမှ သင်တန်းများ ပို့ချပေးခြင်း စတာတွေကိုလည်း ပြုလုပ်လေ့ရှိကြပါတယ်။

မူဝါဒရေးရာ အကြံပြုချက်များ

၁။ လူ့အဖွဲ့အစည်း၏ မတူညီသော ကျားမရေးရာ လိုအပ်ချက်များအား တုန့်ပြန်ဆောင်ရွက်ရန်

၂။ ကာကွယ်ရေးလေ့လာသုံးသပ်ချက်များ ပြုလုပ်ပြီး၊ ကာကွယ်ရေးကဏ္ဍဆိုင်ရာ ဒီမိုကရက်တစ်

ပန်းတိုင်ချမှတ်ဆောင်ရွက်ရာတွင် ကဏ္ဍစုံပါဝင်ပတ်သက်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၏ အသံများကို ထည့်သွင်းစဉ်းစားရန်

၃။ အမျိုးသမီးများအား ကာကွယ်ရေး တပ်များနှင့် လုံခြုံရေးအင်စတီကျူးရှင်းများတွင် အလုပ်ခေါ်ယူခန့်ထားရန်၊ ကာကွယ်ရေးရာ ဆုံးဖြတ်ချက်များတွင် အမျိုးသမီးများ၏ ပါဝင်ကိုယ်စားပြုမှုကို မြှင့်တင်ပေးရန်

၄။ ကာကွယ်ရေးတပ်များတွင် ကျားမရေးရာ သင်တန်းများ ပေးရန်

၅။ ကာကွယ်ရေးတပ်ဖွဲ့ဝင်များမှ ကျားမရေးရာ အကြမ်းဖက်မှုများ ကျူးလွန်ခြင်းကို ကာကွယ်ရန်နှင့် ကျူးလွန်ပါက ထိရောက်သော အရေးယူအပြစ်ပေးမှုများ လုပ်ဆောင်ရန်

၆။ ကာကွယ်ရေးကဏ္ဍဆိုင်ရာ လွှတ်တော်မှ ကွပ်ကဲမှုအားကောင်းလာစေရေး ဆောင်ရွက်ရန်၊ ကာကွယ်ရေးကဏ္ဍ ကော်မတီတွင် အမျိုးသားနှင့် အမျိုးသမီးများ ပါဝင်မှု အားကောင်းစေရန်

၇။ အရပ်ဘက်အဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသမီးအဖွဲ့အစည်းများအကြားတွင် ကာကွယ်ရေးနှင့်

ပတ်သက်သော ဆွေးနွေးပြောဆိုမှုများ မြင့်မားလာစေရန်

၈။ ကာကွယ်ရေးဘတ်ဂျက်အား ကျားမရေးရာဘတ်ဂျက် လေ့လာဆန်းစစ်ရေး ရှုထောင့်မှ သုံးသပ်ရန်

Myanmar Institute of Gender Studies (MIGS)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန

mod@nugmyanmar.org

ပြည်သူ့ကာကွယ်ရေးတပ်မတော်

စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ

စစ်သည်တော် ကျင့်ဝတ်စည်းမျဉ်းများ (Soldier’s rules)

(၁) စစ်ရေးရည်မှန်းချက်များဖြင့်သာ တိုက်ပွဲဖော်ဆောင်ရမည်။

(၂) စစ်ဆင်ရေးဆောင်ရွက်ရာတွင် လိုအပ်သော အင်အားကိုသာ အသုံးပြု၍ ထိခိုက်ပျက်စီးမှု အနည်းဆုံး ဖြစ်စေရန် စီမံဆောင်ရွက်ရမည်။

(၃) အရပ်သားပြည်သူများအား ကာကွယ်စောင့်ရှောက်ရမည်။ အရပ်သားပြည်သူပိုင် ဥစ္စာပစ္စည်းများကို ထိပါးခြင်း မပြုရ။

(၄) ဘာသာရေးအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားရမည်။

(၅) လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဥပဒေသများကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

(၆) ခေါင်းဆောင်များသည် စံနမူနာပြခေါင်းဆောင်မှုကို ပြသ၍ လက်အောက်ငယ်သားများအပေါ် ကျေသားရင်သား မခွဲခြားဘဲ တရားမျှတစွာ ကွပ်ကဲအုပ်ချုပ်ရမည်။

(၇) အထက်ကွပ်ကဲမှုအဆင့်ဆင့်မှ ပေးအပ်သောအမိန့်နှင့် တာဝန်များကို လေးစားလိုက်နာရမည်။

(၈) တပ်ဖွဲ့ဝင်အချင်းချင်း ရဲဘော်ရဲဘက်စိတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၉) လူမျိုး၊ ဘာသာ၊ ကျားမ၊ လိင်စိတ်ခံယူချက် ကွဲပြားမှုအပေါ်မူတည်၍ ခွဲခြား ဆက်ဆံခြင်း မပြုရ။

(၁၀) မူးယစ်ဆေးဝါးသုံးစွဲခြင်း မပြုရ။

(၁၁) လူမှုရေးရှုပ်ထွေးခြင်း မပြုရ။

စစ်ရေးဆိုင်ရာ ပစ်မှတ်သတ်မှတ်ချက် (Targeting)

(၁) စစ်အာဏာရှင်စနစ်၏ ယန္တရားများကိုသာ ချေမှုန်းရမည်။

(၂) အရပ်သားပြည်သူများအား ခြိမ်းခြောက်ခြင်း၊ ပစ်မှတ်ထား တိုက်ခိုက်ခြင်း မပြုရ။

(၃) စာသင်ကျောင်း၊ ဆေးရုံ၊ ဘာသာရေးအဆောက်အအုံ၊ ယဉ်ကျေးမှုဆိုင်ရာ အထိမ်းအမှတ်နေရာများနှင့် အရပ်သား ပြည်သူများ စုဝေးသွားလာလှုပ်ရှားသောနေရာများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း မပြုရ။

(၄) လူနာတင်ယာဉ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသောနေရာများ၊ ရှေးဦးသူနာပြုများနှင့် ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးသူများ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များအား ပစ်မှတ်ထားတိုက်ခိုက်ခြင်း မပြုရ။

လက်နက်ချအညံ့ခံသူများနှင့် စစ်သုံ့ပန်းများအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ်များ

(၁) လက်နက်ချအညံ့ခံသူများနှင့် စစ်သုံ့ပန်းများအား နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း မပြုရ။

(၂) စစ်သုံ့ပန်းများနှင့် ဖမ်းဆီးထိန်းသိမ်းထားသူများအား ဂျီနီဗာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များအရ လူ့ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံရမည်။

(၃) မိသားစုများထံ အတတ်နိုင်ဆုံးအသိပေးအကြောင်းကြားခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၊ ချုပ်နှောင်ထားရှိရန် လိုအပ်ပါက အမျိုးသားနှင့် အမျိုးသမီး သီးသန့်ခွဲခြားချုပ်နှောင်ခြင်း ပြုရမည်။

အရပ်သားပြည်သူများနှင့် ဆက်ဆံရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ

(၁) အရပ်သားပြည်သူများအား ရိုသေစွာ ဆက်ဆံရမည်။

(၂) အရပ်သားပြည်သူများအပေါ် မောက်မာရိုင်းပြခြင်း၊ စော်ကားခြင်း၊ အနိုင်ကျင့်နှိပ်စက်ခြင်း၊ မူးယစ်ရမ်းကားခြင်း မပြုရ။

(၃) အမျိုးသမီးများ၊ လိင်စိတ်ကွဲပြားသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း မပြုရ။

(၄) အရေးပေါ်လိုအပ်ချက်အရ အရပ်သားပြည်သူပိုင် ပစ္စည်းဥစ္စာများကို အသုံးပြုရပါက ကာလတန်ဖိုးအတိုင်း ပေးချေရမည်။

(၅) အရပ်သားများအား ဓားစာခံ (သို့မဟုတ်) လူသားဒိုင်းအဖြစ် အသုံးပြုခြင်းမပြုရ။

(၆) ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ စသည့် ထိရှလွယ်အုပ်စုများ (Vulnerable Groups) အား အထူးကာကွယ်စောင့်ရှောက်ပြီး လိုအပ်သည့် အကူအညီများပေးရမည်။

အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် လိုက်နာရမည့်ကျင့်ဝတ်များ

(၁) အမျိုးသမီးများအား ကာယိန္ဒြေပျက်စီးစေခြင်း၊ အရှက်ခွဲခြင်း၊ ယုတ်ညံ့စေခြင်း၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း၊ အကြမ်းဖက်ခြင်း မပြုလုပ်ရ။

(၂) အရွယ်မရောက်သေးသော ကလေးများအား လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်း၊ အကြမ်းဖက်ခြင်း မပြုလုပ်ရ။



ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄) ချက်

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီ တိုက်ပွဲအတွင်း ကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ငါတို့၏ အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေသည်။